# ရဲမြန်မာ

ရာဇဝင်ဝတ္ထု

## သတင်းစာဆရာဦးသိမ်းမောင်



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

၁၉၃၀ ပတ်ဝန်းကျင် မြန်မာတို့၏ အမျိုးသားရေးလှုပ်ရှားမှုများ အရှိန်ယူစကာလဖြစ်သည့်အားလျော်စွာ
မျက်မှောက်ကာလလိုအင်အရ အမျိုးသားစိတ်ဓာတ်လှုံ့ဆော်မှု ဝတ္ထုများ၊
သမိုင်းနောက်ခံပြုရေးသော ဝတ္ထုများလည်း အများအပြားပေါ်ပေါက်ခဲ့လေသည်။
ထိုအချိန်က အမျိုးသားရေး သမိုင်းနောက်ခံပြုဝတ္ထုအများစုမှာ
တိုင်းရင်းသားပဒေသရာဇ်တို့၏ ပဋိပက္ခကို အခြေခံခဲ့ကြသည်ချည်းက များပေရာ
ယနေ့ခေတ် စာဖတ်ပရိသတ်အဖို့မှု
တိုင်းရင်းသားပဒေသရာဇ်တို့၏ ပဋိပက္ခနောက်ခံဝတ္ထုများကို ဖတ်ရာ၌
ပြည်ထောင်စုစိတ်ကို မမေ့မလျော့ရန်နှင့် ထိုစာအုပ်ထွက်ပေါ်ခဲ့ကာလ လိုအင်များကို
သတိပြုရမည် ဖြစ်ပေသည်။
ထိုခေတ် ထိုကာလ အမျိုးသားစိတ်ဓာတ်လှုံ့ဆော်မှုအခန်းကဏ္ဍတွင်
စာပေလောက၏ တာဝန်ပိုင်းကို ထမ်းဆောင်ရာ၌
ရဲမြန်မာသည် ထိရောက်သော အမျိုးသားရေးလှုံ့ဆော်မှုဝတ္ထုတစ်ခု အဖြစ်ကား
ထင်ရှားခဲ့လေသည်။
ထိုဝတ္ထုစာအုပ်ကိုပင် ၁၉၃၄ ခုနှစ်တွင် ဆယ်တန်း၌လည်းကောင်း၊
ထို့နောက် ခုနစ်တန်းနှင့် ဥပစာတန်းတို့၌လည်းကောင်း သင်ကြားရန် ကျောင်းသုံးစာအုပ်အဖြစ်
ပညာရေးဌာနက ပြဋ္ဌာန်းခဲ့လေ၏။
"ဦးသိမ်းမောင်သည် စာရေးဆရာသာမဟုတ်၊ သတင်းစာဆရာလည်း ဖြစ်သည်။
မြန်မာတို့ ဗြိတိသျှလက်အောက်ကျရောက်နေစဉ် နိုင်ငံလွတ်လပ်ရန် ဆောင်ရွက်ရေးအတွက်
သွေးထိုးပေးသော ရဲမြန်မာ ခေါ် ရာဇဝင်ဝတ္ထု စာအုပ်လည်း ရေးသားခဲ့လေသည်"ဟု
မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းထုတ်
နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာစာအုပ်၌ ဖော်ပြထားလေသည်။

ISBN9789997116529
HIS34
9 789997 116529
1,800.00KS

mgyoe.com

ရဲမြန်မာရာဇဝင်ဝတ္ထု၊ သတင်းစာဆရာ ဦးသိမ်းမောင်
မျက်နှာဖုံးပန်းချီ - စိုးဝင်းငြိမ်း
စာမျက်နှာ ၁၆၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၂ ငွဲစာပေရိုပ်မြို့၏ ပဌမနှိပ်ခြင်းမူ၊
(ပထမအကြိမ် - ၁၉၃၁)

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ရဲမြန်မာရာဇဝင်ဝတ္ထု

## သတင်းစာဆရာ ဦးသိမ်းမောင်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း ............ က

– ဒုတိယနှိပ်ခြင်း ............ ဃ

– စတုတ္ထနှိပ်ခြင်း ............ င

– ပဥ္စမအကြိမ်ပုံနှိပ်ခြင်း ............ စ

၁။ တိတ်ဆိတ်သော ညဥ့်အချိန် ............ ၁

၂။ ညှော့သည် မောင်ရှုပ ............ ၅

၃။ ချစ်ခြင်းမေတ္တာ ............ ၉

၄။ မုတ္တာမမြို့စား ဗညားရန်နိုင် ............ ၁၅

၅။ မုတ္တမ တောတန်း၌ ............ ၂၁

၆။ သူရဲကောင်း၏ သဘော ............ ၂၉

၇။ သီရိမာလာ၏ ညို့ဓာတ် ............ ၃၆

၈။ ပဲခူးနေပြည်တော် ............ ၄၃

၉။ ရွှေနဖူးစာ ............ ၅၁


mgyoe.com

mgyoe.com


၁၀။ ကြင်စဦး ၅၇

၁၁။ တွေ့ရာသင်္ချိုင်း စားမဆိုင်း ၆၄

၁၂။ အင်းဝနေပြည်တော် ၆၇

၁၃။ ၁၁၁၃ ခုနှစ် အရေးတော်ပုံ ၇၅

၁၄။ ရဲမြန်မာသတ္တိ ၈၁

၁၅။ အောင်ဇေယျ၏ ပရိယာယ် ၉၀

၁၆။ စည်းလုံးညီညာ အောင်ကြောင်းဖြာ ၉၆

၁၇။ မြန်မာမင်းမိဖုရားတို့၏ ကံကြမ္မာ ၁၀၁

၁၈။ လျှို့ဝှက်သောအကြံ ၁၀၈

၁၉။ စာတော်ဖတ်ခင်ခင်ကြီး ၁၁၆

၂၀။ မြန်အောင်နှင့် ရန်ကုန် ၁၂၅

၂၁။ ရဲမြန်မာ့အင်အား ၁၃၃

၂၂။ ပဲခူးမင်း၏ သမီးကညာ ၁၃၄

၂၃။ ပြည်တွင်းရေး အရှုပ်အထွေး ၁၃၉

၂၄။ ရဲမြန်မာ့အောင်ပွဲ ၁၄၃

၂၅။ တူပျော်ပျော် ၁၅၁

၂၆။ တိတ်ဆိတ်သော ညဥ့်အချိန် ၁၅၆

– ဝတ္ထုနှင့် ဝတ္ထုရေးသူ (မလိခ) ၁၅၉


❑

mgyoe.com

mgyoe.com



## ဝတ္ထုနှင့် ဝတ္ထုရေးသူ (ရဲမြန်မာဝတ္ထု)

---

၁၉၃၀ ပတ်ဝန်းကျင်ကာလသည် မြန်မာတို့၏ အမျိုးသားရေးလှုပ်ရှားမှုများ အရှိန်ယူစ ကာလဖြစ်သည်။ ထိုကာလ၌ စာရေးဆရာအများပင် အမျိုးသားစိတ်ဓာတ်လှုံ့ဆော်မှုဝတ္ထု အများအပြားကို ရေးသားခဲ့ကြ၏။ ထိုသို့ အမျိုးသားစိတ်ဓာတ်လှုံ့ဆော်မှုအများတွင် သမိုင်းနောက်ခံပြုရေးသော ဝတ္ထုများလည်း အများအပြား ပေါ်ပေါက်ခဲ့လေသည်။

တစ်နည်းအားဖြင့် စာရေးဆရာသည် **သမိုင်းဖြစ်ရပ်ကို နောက်ခံပြုလျက် မျက်မှောက်ကာလ လိုအင်ကို ဖြည့်စွမ်းသည့်သဘော** ဖြစ်သည်ဟု ယူဆရလေသည်။

ထိုသဘောကို **ရဲမြန်မာ** ဝတ္ထုရေးသူ သတင်းစာဆရာ ဦးသိမ်းမောင်က သူ့ဝတ္ထု ပထမအကြိမ် နိဒါန်းတွင် ဤသို့ဖော်ပြထား၏။

> ကမ္ဘာတွင် မြန်မာ ဟူသော အမည်ဖြင့် တသီးတခြား ခေါင်းထောင်လိုသော ကျွန်ုပ်တို့သည်လည်း အမျိုးသားပညာရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝတ်လုံတော်ရ အမ်အေဦးမောင်ကြီး စတင်ဖွဲ့စည်း၍ နမူနာပြခြင်းဖြင့် ရဲအဖွဲ့များ ဖွဲ့စည်းကြခြင်း၊ ရန်ကုန် မြို့မနေရှင်နယ် အမျိုးသားကျောင်း ကျောင်းဆရာကိုတင့် ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း ဖွဲ့စည်းခြင်းဖြင့် လူငယ်များအတွက် မြန်မာ့ဇာတိမာန်တက်ကြွစေရန် စီမံဆောင်ရွက် အားထုတ်ကြသည်မှာ 'နိုင်ငံနှင့် အမျိုးသားကြီးပွားမှုသည် လူငယ်များလက်တွင် တည်ရှိနေသည်' ဟူသော ကမ္ဘာ့လက်သုံးစကားကို အားထားယုံကြည်သောကြောင့်ပင် ဖြစ်ချေသည်။ သို့ရာတွင် အထက်ဆိုခဲ့သော ကြီးပွားလျက်ရှိသည့် ဥရောပတိုက်နိုင်ငံကြီးများကဲ့သို့ ဇာတိမာန် တက်ကြွစေသော အာဇာနည်သူရဲကောင်းတို့၏ ထုပ္ပတ်ကြောင်းရာ အဖြာဖြာကို ဖတ်စာသဖွယ် စီစဉ်ရေးသားသင်ကြားဖတ်ရှုစေခြင်း အချက်တစ်ရပ်ကိုမူ ကျွန်ုပ်တို့၌ လစ်လပ်ချွတ်ယွင်းလျက်ရှိသည်ကို တွေ့ရပေသည်။ စာသင်ကျောင်း၌ ရာဇဝင်သင်ရသည်ဆိုသော်ငြားလည်း ဟုတ်ဟုတ်

mgyoe.com

mgyoe.com



ဟတ်ဟတ် မျိုးချစ်စိတ်ဓာတ်ကို ပေးတတ်သော အရေးအသားဖြင့် စီစဉ်ထားသည်ကို ကျွန်ုပ်တို့ မတွေ့မမြင် မဖတ်ရှုရပေ။ ဘုရင်၊ မိဖုရား၊ မင်းသမီး၊ မင်းသားတို့၏ မှတ်တမ်းသဖွယ်မျှသာ သင်ကြားကြရလေသည်။

ထို့ကြောင့် စာရေးဆရာသည် ဤဝတ္ထုကို ရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆက်လက်ဖော်ပြထားခဲ့၏။ ဤသို့ဖြင့် စာရေးဆရာ၏ ရည်ရွယ်ချက်ကို သိသာထင်ရှားစေလေသည်။

**ရဲမြန်မာ** ဝတ္ထု သမိုင်းနောက်ခံကာလသည် အလောင်းဘုရား ကုန်းဘောင်ဆက် တည်ဆောက်အံ့သော ကာလနှင့် တည်ဆောက်သော ကာလဖြစ်သည်။ ဇာတ်လမ်းကို ထိုကာလ မွန်မြန်မာပဋိပက္ခဖြင့် အစပြုထား၏။ ယနေ့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ကြည့်သော် သမိုင်းပါ မွန်မြန်မာအရေးအခင်းများ၌ မွန်တို့ကို ချိုးနှိမ်ရေးသားသော အရေးအသားမျိုးသည် မလိုလားအပ်ပေ။ သို့သော်လည်း **ထိုအချိန်ကမှ အမျိုးသားရေး သမိုင်းနောက်ခံပြုဝတ္ထုအများစုမှာ ဤသို့လျှင် တိုင်းရင်းသားပဒေသရာဇ်တို့၏ ပဋိပက္ခကို အခြေခံခဲ့ကြသည့်ချည်းက** များပေသည်။

ထို့ကြောင့် **ယနေ့ခေတ် စာဖတ်ပရိသတ်အဖို့မှ တိုင်းရင်းသား ပဒေသရာဇ်တို့၏ ပဋိပက္ခနောက်ခံဝတ္ထုများကို ဖတ်ရာ၌ ပြည်ထောင်စုစိတ်ကို မမေ့မလျော့ရန်နှင့် ထိုစာအုပ်ထွက်ပေါ်စဉ်ကာလ လိုအင်များကို သတိပြုရမည် ဖြစ်ပေသည်။**

ဝတ္ထုတွင် အဓိကဇာတ်ဆောင်သည် မောင်ရှုပဖြစ်သည်။ သူသည် သက်ဦးဆံပိုင် မင်းမျိုးမင်းနွယ် ဖြစ်သည်။ သူ့၌ သက်ဦးဆံပိုင် အစွဲအလမ်းကြီးသည်။ ရှေ့ပိုင်းတွင် အလောင်းဘုရား တစ်စခန်းထသည်ကိုပင် မောင်ရှုပ မလိုလားဟန်ဖော်ပြထား၏။ သို့သော် နောက်ပိုင်းတွင်ကား မောင်ရှုပသည် အလောင်းဘုရားနှင့်ပေါင်းခဲ့လေသည်။ အင်းဝမင်းက ညီတော်ကို အထင်လွဲပုံ၊ တူတော်၏ အစီရင်ခံချက်ကို အလေးအနက်မပြုပုံတို့မှာလည်း မြန်မာသက်ဦးဆံပိုင်မင်းတို့၏ အဆင်ခြင်ဉာဏ် နည်းပါးမှုတို့ကို ထင်ရှားစေ၏။ အဆုံး၌ စာရေးဆရာက မောင်ရှုပအား မိန်းမနှစ်ယောက်နှင့် ပေါင်းသင်းဇာတ်သိမ်းထားသည်မှာလည်း ပဒေသရာဇ် အိမ်ထောင်ရေးကို အရောင်တင်ပေးထားသကဲ့သို့ ရှိလေသည်။ မည်သို့ဖြစ်စေ ထိုခေတ်ထိုကာလ အမျိုးသားစိတ်ဓာတ် လှုံ့ဆော်မှု အခန်းကဏ္ဍတွင် စာပေလောက၏ တာဝန်ပိုင်းကို ထမ်းဆောင်ရာ၌ **ရဲမြန်မာ** သည် ထိရောက်သော အမျိုးသားရေးလှုံ့ဆော်မှုဝတ္ထုတစ်ခုအဖြစ်ကား ထင်ရှားခဲ့လေသည်။

mgyoe.com

mgyoe.com



ထိုဝတ္ထုစာအုပ်ကိုပင် ၁၉၃၄ ခုနှစ်တွင် ဆယ်တန်း၌လည်းကောင်း၊ ထို့နောက် ခုနစ်တန်းနှင့် ဥပစာတန်းတို့၌လည်းကောင်း သင်ကြားရန် ကျောင်းသုံးစာအုပ်အဖြစ် ပညာရေးဌာနက ပြဋ္ဌာန်းခဲ့လေ၏။

စာရေးဆရာသည် **ရဲမြန်မာ** ဝတ္ထု မရေးမီကပင် အမျိုးသားရေး လှုံ့ဆော်မှုအဖြစ် **မင်းရဲကျော်စွာ၊ ဘုရင့်နောင်၊ မဟာဗန္ဓုလ၊ အလောင်းဘုရား** စသောသမိုင်းဝင်သူရဲကောင်းများ၏ဖြစ်ရပ်ကို ဝတ္ထုသဖွယ် ဇာတ်ကြောင်းဖွဲ့ ရေးသားထုတ်ဝေခဲ့လေသည်။ ထို့ကြောင့် စာရေးဆရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းထုတ် **နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာ** စာအုပ်၌

> **မင်းရဲကျော်စွာ၊ ဘုရင့်နောင်၊ မဟာဗန္ဓုလ** စသော သူရဲကောင်း ဝတ္ထုများနှင့် **သတင်းစာဆရာ** စာအုပ်တို့ကို ရေးသားသူ ဦးသိမ်းမောင်သည် စာရေးဆရာသာ မဟုတ်၊ သတင်းစာဆရာလည်း ဖြစ်သည်။ မြန်မာတို့ ဗြိတိသျှလက်အောက်ကျရောက်နေစဉ် နိုင်ငံလွတ်လပ်ရန် ဆောင်ရွက်ရေးအတွက် သွေးထိုးပေးသော **ရဲမြန်မာ** ခေါ် ရာဇဝင်ဝတ္ထုစာအုပ်လည်း ရေးသားခဲ့လေသည်။
>
> ဟု ဖော်ပြထားလေသည်။

ဦးသိမ်းမောင်သည် ၁၈၉၈ ခု၊ စက်တင်ဘာလ ၂၆ ရက် (၁၂၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် တနင်္လာနေ့) တွင် မအူပင်ခရိုင် မလက်တိုကျေးရွာ၌ မွေးဖွားခဲ့သည်။ အဖမှာ လယ်ပိုင်ရှင် ကျောင်းဒါယကာ ရွာသူကြီး ဦးဘိုးဆယ်ဖြစ်သည်။ အမိ ဒေါ်မို ဖြစ်၏။ သားသမီးကိုးယောက်တွင် တတိယမြောက် ဖြစ်သည်။

၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ကန့်ကွက်သည့် တက္ကသိုလ်သပိတ်မှောက်စဉ်တွင် ဦးသိမ်းမောင်သည် ရန်ကုန်အရှေ့ပိုင်း မက်သဒစ်ကျောင်း၌ပညာသင်နေ၏။ တက္ကသိုလ်သပိတ်မှသည် တစ်နိုင်ငံလုံး ကျောင်းသားသပိတ်ကြီးအဖြစ် သပိတ်မီး ကူးလာသောအချိန်၌ သပိတ်တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ထို့နောက် ကြည့်မြင်တိုင်အမျိုးသားကျောင်းတွင် ကွယ်လွန်သူ သခင်မြနှင့်အတူ အမျိုးသားကျောင်းဆရာအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ထို့နောက် ကျောင်းဆရာအဖြစ်မှ နုတ်ထွက်ပြီး သတင်းစာလောကတွင်းသို့ ဝင်ခဲ့သည်။

၁၉၂၃ ခုနှစ်တွင် **ကြယ်တံခွန်** သတင်းစာ၌ စတင်ဝင်ရောက်လုပ်ကိုင်သည်။ ထိုနှစ်မှာပင် **သူရိယ** သတင်းစာတိုက်တွင် စာရေးဆရာအဖြစ် ပြောင်းရွှေ့အမှုထမ်းသည်။ နောက်တစ်နှစ်တွင် ထိုသတင်းစာတိုက်၌ပင် အယ်ဒီတာဌာနသို့

mgyoe.com

mgyoe.com



ပြောင်းရွှေ့ အမှုထမ်း၏။ ထိုအခါမှစ၍ သူရိယဦးသိမ်းမောင်အဖြစ် စတင် ထင်ရှား လာသည်။

ဦးသိမ်းမောင်သည် **သူရိယ** သတင်းစာ၊ **သူရိယ** မဂ္ဂဇင်း၊ **သူရိယ** ရုပ်စုံ၊ **သူရိယ** နှစ်ပတ်လည်စာစောင်တို့တွင် တာဝန်ယူလုပ်ကိုင်ရင်း သမိုင်းနောက်ခံဝတ္ထု များ၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့၏။ **ရဲမြန်မာ** ဝတ္ထု ထွက် လာသောအချိန်တွင် ရဲမြန်မာဦးသိမ်းမောင် ဟူသော အမည်ဖြင့် ထင်ရှားလာ၏။

ရဲတပ် ဖွဲ့စည်းရေးနှင့် **ရဲသတင်းစာ** ထုတ်ဝေရေးတို့တွင်လည်း ပါဝင် ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ခဲ့သည်။

ပထမဆုံးအကြိမ် စာဆိုတော်နေ့ဖြစ်မြောက်ရေး ကြိုးပမ်းသူများတွင် တစ်ဦး အပါအဝင် ဖြစ်သည်။ စစ်ပြီးခေတ် **သံတော်ဆင့်** သတင်းစာကို ထုတ်ဝေခဲ့၏။ **မြဝတီ** မဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်လည်း **နှစ်နှစ်တာ** တာဝန်ယူခဲ့သည်။

ဦးသိမ်းမောင်သည် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပုံနှိပ်ထုတ်ဝေသူများ သမဝါယမ အသင်းဥက္ကဋ္ဌ စသည့် အဖွဲ့အစည်းဆိုင်ရာ တာဝန်များကိုလည်း ထမ်းရွက်ခဲ့၏။ ဦးသိမ်းမောင်သည် ဒုတိယကမ္ဘာစစ်မတိုင်မီကာလတွင် **ရဲမြန်မာ**၊ **မင်းရဲကျော်စွာ**၊ **မဟာဗန္ဓုလ**၊ **ဘုရင့်နောင်**၊ **အလောင်းဘုရား**၊ **ပန်တော်ဦး** ဝတ္ထုများ၊ **သတင်းစာ ဆရာ** အမည်ရှိ သတင်းစာအတတ်ပညာကျမ်းတစ်ကျမ်းနှင့် **ဂီရိရတနာ ဆောင်းပါး မဟာ** အမည်ရှိ စာအုပ်တို့ကို ရေးသားခဲ့သည်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် **သာသနာ ငါပြုရလျှင်**၊ **ကိုယ်တွေ့ယိုးဒယား**၊ **ကျော်ပုဂံ**၊ **ရွှေပြည်သာယာ အပြည့်ခံစား**၊ **ရာဇသကြန်**၊ **ပုဂံခေတ် ယဉ်ကျေးမှု**၊ **ဗညားနွဲ့**၊ **ပဲခူးမဟာစေတီ သမိုင်း**၊ **ရဲတပ်သမိုင်း**၊ **ရန်ကုန်ရာဇဝင်သမိုင်း** စသည့် ဘာသာရေး၊ ခရီးသွား မှတ်တမ်း၊ ယဉ်ကျေးမှု၊ သမိုင်းအတ္ထုပ္ပတ္တိများကိုလည်း ရေးသားခဲ့လေသည်။

ဦးသိမ်းမောင်၏ အခြားထင်ရှားသော ကလောင်အမည်များမှာ 'မြို့သား' နှင့် 'မောင်ကကြီး' တို့ ဖြစ်၏။

၁၉၆၆ ခု၊ စက်တင်ဘာလ ၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သည်။ ။

မလိစ
[ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ် ]

mgyoe.com

mgyoe.com



# နိဒါန်း

"အနာဂတ်ကာလနိုင်ငံတော်ကြီးပွားမှု၊ အမျိုးကြီးပွားမှုသည် ပစ္စုပ္ပန်ကာလ လူငယ်များ၏လက်တွင် တည်ရှိသည်" ဟူ၍ ပညာရှိကြီးတို့ ထုတ်ဖော်ပြောဆိုကြလေသည်။ သို့ပြောဆိုချက်ကို ယုံကြည်ကြသည့်အတိုင်းလည်း အနောက်တိုင်းနိုင်ငံများ၌ လူငယ်များ၏ ပညာစိတ်ဓာတ် အရပ်ရပ်ပြုပြင်ဖန်တီးပေးမှုကို အရေးတကြီး အားထုတ်ရွက်ဆောင်လျက်ရှိကြပေသည်။ အထူးသဖြင့် ဂျာမနီပြည်၊ ရုရှားပြည်၊ အီတလီပြည်တို့တွင် လူငယ်များအား နိုင်ငံနှင့်အမျိုး ချစ်မြတ်နိုးစေသော ပညာရပ်နှင့် မြင့်မြတ်သော မျိုးချစ်စိတ်ဓာတ်မပြတ်စွဲလမ်းစေရန် အတန်တန်သော နည်းလမ်းတို့ဖြင့် စီမံဖန်တီးလျက်ရှိကြရာတွင် ကျောင်းသား သူငယ်တို့အဖို့ ဇာတိမာန်တက်ကြွစေသော အာဇာနည် သူရဲကောင်းတို့၏ အတ္ထုပ္ပတ္တိများကို ရာဇဝင်ဖတ်စာအဖြစ် အထူးစီစဉ်၍စစ်မှုရေးရာနှင့် ပတ်သက်သော ရဲအဖွဲ့ခေါ် အပျော်တမ်းအဖွဲ့များပါ ဖွဲ့စည်းထူထောင် ရွက်ဆောင်သင်ကြားပေးကြလေပြီ။

mgyoe.com

mgyoe.com



ကမ္ဘာတွင် မြန်မာဟူသောအမည်ဖြင့် တသီးတခြား ခေါင်းထောင်လိုသော ကျွန်ုပ်တို့သည်လည်း အမျိုးသားပညာရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝတ်လုံတော်ရ အမ်–အေ ဦးမောင်ကြီး စတင်ဖွဲ့စည်း၍ နမူနာပြခြင်းဖြင့် ရဲအဖွဲ့များ ဖွဲ့စည်းကြခြင်း၊ ရန်ကုန်မြို့မ နေရှင်နယ်အမျိုးသားကျောင်း–ကျောင်းဆရာကိုတင့် ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း ဖွဲ့စည်းခြင်းဖြင့် လူငယ်များအတွက် မြန်မာ့ဇာတိမာန် တက်ကြွစေရန် စီမံရွက်ဆောင်အားထုတ်ကြသည်မှာ 'နိုင်ငံနှင့် အမျိုးသားကြီးပွားမှုသည် လူငယ်များလက်တွင် တည်ရှိနေသည်" ဟူသော ကမ္ဘာ့လက်သုံးစကားကို အားထားယုံကြည်သောကြောင့်ပင် ဖြစ်ချေသည်။ သို့ရာတွင် အထက်ဆိုခဲ့သော ကြီးပွားလျက်ရှိသည့် ဥရောပတိုက်နိုင်ငံကြီးများကဲ့သို့ ဇာတိမာန်တက်ကြွစေသော အာဇာနည်သူရဲကောင်းတို့၏ ထုပ္ပတ္တိကြောင်းရာ အဖြာဖြာကို ဖတ်စာသဖွယ် စီစဉ်ရေးသား သင်ကြားဖတ်ရှုစေခြင်း အချက်တစ်ရပ်ကိုမူ ကျွန်ုပ်တို့၌ လစ်လပ်ချို့ယွင်းလျက်ရှိသည်ကို တွေ့ရပေသည်။ စာသင်ကျောင်း၌ ရာဇဝင်သင်ရသည်ဆိုသော်ငြားလည်း ဟုတ်ဟုတ်–ဟုတ်ဟုတ် မျိုးချစ်စိတ်ဓာတ်ကို ပေးတတ်သော အရေးအသားဖြင့် စီစဉ်ထားသည်ကို ကျွန်ုပ်တို့မတွေ့မြင်၊ မဖတ်ရှုရပေ။ ဘုရင်မိဖုရား၊ မင်းသမီးမင်းသားတို့၏ မှတ်တမ်းသဖွယ်မျှကိုသာ သင်ကြားကြရလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူငယ်များအတွက် ဆိုခဲ့သည့် လိုအပ်သော အချက်တစ်ရပ်ကို ဖြည့်စွက်ရန် မြန်မာသူရဲကောင်းဟူသော အမည်ဖြင့် ရာဇဝင်ဖတ်စာလေးစောင် တစ်စောင်ပြီးတစ်စောင် စီစဉ်ရေးသား

mgyoe.com

mgyoe.com



ထုတ်ဝေရန် သန္နိဋ္ဌာန်ချမိလေသည်။ စီစဉ်ရေးသားခြင်းလည်း ပြုအပ်ပြီ။

မြန်မာသူရဲကောင်း အမည်ရှိသည့် ရာဇဝင်ဖတ်စာ စာစောင်များကို ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ရှေ့အဖို့ ကျွန်ုပ်တို့သည် လူကြီး–လူငယ်–လူရွယ်–လူလတ်တို့၏ စိတ်ဓာတ်တွင် တဖျတ်ဖျတ် ဇာတိမာန်တက်ကြွစေရန် အတန်တန်သော အချက်အလက် ပြည့်နှက်စုံလင်စွာပါသည့် **ရဲမြန်မာ** မည်အရှိဖြင့်၊ ပြည်သိသော အလောင်းဘုရားအထကို အခြေပြုမှုတည်၍ လျှို့ဝှက်ခန်း၊ စွန့်စားခန်း၊ ချစ်ကြည်ရွှင်မြူးခန်း စသည့် စွဲလမ်းနှစ်သက်လောက်သော ဇာတ်ကွက် ဇာတ်အိမ်ဆင်ကာ စီရင်ရေးသားအပ်သော ဤရာဇဝင်ဝတ္ထုကို ရှေ့တော်ပြေးသဖွယ် ဦးစွာပထမ ထုတ်ဝေလိုက်ရပေသည်။ ဤ **ရဲမြန်မာရာဇဝင်ဝတ္ထု**ကို ဖတ်ရှုကြရကုန်သော ရဟန်းရှင်လူ ပြည်သူအပေါင်း ကျောင်းသားမကြွင်း ခပင်းမြန်မာတို့မှာ ဇာတိမာန် ဇာတိသွေး တဖွေးဖွေးတက်ကြွကြပေလိမ့်မည်ဟူ၍လည်း ယုံကြည်မျှော်လင့်ရပါပေသတည်း။

သိမ်းမောင်
အယ်ဒီတာ
သူရိယမဂ္ဂဇင်းနှင့် ရုပ်စုံသတင်း။

ရန်ကုန်မြို့
၁၂၉၃ ခုနှစ်။

mgyoe.com

mgyoe.com



## ဒုတိယနှိပ်ခြင်း

ကျွန်စိတ်ပျောက်၍ သခင်စိတ်ပေါက်နိုင်ခြင်း၊ “မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်သည်” ဟူသော မြန်မာဘုရင်မင်းမှုထမ်း၊ ကွယ်လွန်သူ ဒီပဲယင်းဝန်ထောက်မင်း ဦးမြ၏မိန့်ကြားချက်ကို ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းနိုင်ခြင်း စသော အကျိုးနှစ်ရပ်ကို တပ်အပ်သေချာစွာ သိရှိလာစေနိုင်သော ဤရဲမြန်မာရာဇဝင်ဝတ္ထုကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေလိုက်ပြီးနောက် လေးလအတွင်း ၂၉-၁-၃၂ နေ့စွဲဖြင့် ပညာရေးဌာန ထုတ်ပြန်ကြော်ငြာချက်၊ နံပါတ် ၁၀ တွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာကျောင်း၊ ဒသမတန်း၌ သင်ကြား၍ ၁၉၃၄ ခုနှစ် စာမေးပွဲတွင်၊ ဖြေဆိုရန် ဖော်ပြပါရှိလေသည့်အတွက် ဒုတိယအကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေရပြန်ပေသည်။ ဒုတိယပုံနှိပ်ခြင်းတွင် စကားအသွားအလာ ချောမွေ့စေရန် အနည်းငယ်ပြင်ဆင်ခြင်းမှတစ်ပါး ဇာတ်ကွက်ဇာတ်အိမ်ကို တစ်စုံတစ်ရာ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ခြင်းမရှိဖြစ်ပါကြောင်း။

သိမ်းမောင်

၁-၅-၃၂

mgyoe.com

mgyoe.com



## စတုတ္ထနှိပ်ခြင်း

ဤ ရဲမြန်မာစာအုပ်ကို တတိယအကြိမ်နှိပ်ပြီးနောက် မြန်မာ သတ္တမတန်းတွင်လည်းကောင်း၊ တက္ကသိုလ်ကျောင်း တိုက် ဥပစာတန်းတွင်လည်းကောင်း သင်ကြားဖြေဆိုရန် ဆိုင်ရာက ပြဋ္ဌာန်းလိုက်သဖြင့် မူလအတိုင်း စတုတ္ထအကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေရပြန်ကြောင်း။

ထုတ်ဝေသူ
၁၂.၂.၃၄

mgyoe.com

mgyoe.com



## ပဌမအကြိမ်ပုံနှိပ်ခြင်း

မြန်မာနိုင်ငံ သူ့ကျွန်ဘဝဌ်ရှိနေခဲ့စဉ် လွန်ခဲ့သောနှစ်ပေါင်း ၃၀ က ပထမအကြိမ် စတင်ထုတ်ဝေခဲ့သော ဤရဲမြန်မာစာအုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ခေတ်တွင် အရွယ်ရောက်လာကြသော လူငယ်လူရွယ်များ ဖတ်ရှုခွင့်ရပါစေခြင်းအကျိုးငှာ ကျွန်ုပ်တို့တိုက်မှ စာမူကို ခက်ခဲစွာ ရှာဖွေ၍ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်ရပေသည်။ ဤရဲမြန်မာ စာအုပ်ရေးသူနှင့် စာအုပ်အကြောင်းကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက ထုတ်ဝေသည့် နှစ်ငါးဆယ်ယဉ်ကျေးမှုရေးရာစာအုပ် ဒုတိယတွဲတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

"မင်းရဲကျော်စွာ၊ ဘုရင့်နောင်၊ မဟာဗန္ဓုလ စသောသူရဲကောင်းဝတ္ထုများနှင့် သတင်းစာဆရာ စာအုပ်တို့ကို ရေးသားသူ ဦးသိမ်းမောင်သည် စာရေးဆရာသာမဟုတ်၊ သတင်းစာဆရာလည်းဖြစ်သည်။ မြန်မာတို့ ဗြိတိသျှလက်အောက်ကျရောက်နေစဉ် နိုင်ငံတော်လွတ်လပ်ရန် ဆောင်ရွက်ရေး

mgyoe.com

mgyoe.com



အတွက် သွေးထိုးပေးသော ရဲမြန်မာခေါ်ရာဇဝင်ဝတ္ထုစာအုပ်ကိုလည်း ရေးသားခဲ့လေသည်"။

ဤကောက်နုတ်ချက်၏ နောက်ဆုံး စာနှစ်ကြောင်းသုံးကြောင်းကို ဆင်ခြင်လျှင် သခင်လာလုပ်နေသော အင်္ဂလိပ်အာဏာရှင်တို့အား မြန်မာပြည်အတွင်းမှ နှင်ထုတ်ရန်မှာ အနုနည်းမဟုတ်ကြောင်း ထင်ရှားစေသည်နှင့်အညီ ရှေးခေတ်က မြန်မာတို့၏ လွတ်လပ်ရေးလုပ်ငန်းစဉ်မှာလည်း အနုနည်းမဟုတ်ကြောင်း ရာဇဝင်အဖြစ်အပျက် ရဲမြန်မာဇာတ်ကွက်ကပင်လျှင် ညွှန်ပြလျက်ရှိပေသည်။ သို့ဖြစ်ရာ ဤရဲမြန်မာစာအုပ်ကို ဖတ်စာအဖြစ် သင်ကြားခဲ့ကြရသော ကျွန်ခေတ်က ကျောင်းသားများသည် နောက်ဆုံးနိုင်ငံလွတ်လပ်ရေးတိုက်ပွဲဝင်ချိန် ရောက်လာသောအခါ၌ ရဲမြန်မာနည်း သုံးခဲ့သဖြင့်သာ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာရကြောင်း ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရခြင်းဖြစ်ပေသည်။

လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရဲမြန်မာစာအုပ်ကို ဖတ်စာအဖြစ် ကျောင်းသားဘဝကသင်ကြားခဲ့ရသူတစ်ဦးဖြစ်သတည်း။

ဖွဲ့စာပေရိပ်မြုံ

၂.၃.၆၂

ဗမာ့တပ်မတော်အစိုးရဖြစ်သောနေ့။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# [ ၁ ]
# တိတ်ဆိတ်သော ညဥ့်အချိန်

တသွင်သွင်စီးဆင်းလျက်ရှိသော သံလွင်မြစ်ကြီး၏ ရေအလျဉ်သည် လပြည့်ကျော်တစ်ရက်နေ့ ပြူထွက်ပေါ်ထွန်းလျက်ရှိသော လရောင်အောက်တွင် တပြောင်ပြောင်တလျှပ်လျှပ် ငွေရောင်ဟပ်သကဲ့သို့ စိတ်ကြည်နူးလွမ်းဆွတ်ဖွယ်ရာ အခြေကို ဖန်တီး၍နေလေ၏။ မြစ်ရေပြင်မှ ဖြတ်သန်းတိုက်ခတ်၍ ဆီးကာဆို့ပိတ်လျက်ရှိသော တောကြီးတောင်တန်းတို့အတွင်းမှ ဝေ့ယူသယ်ဆောင်လာသော တောပန်းတောင်ပန်းတို့၏ ရနံ့သည်လည်း တသင်းသင်းတပျံ့ပျံ့ ကြိုင်လှိုင်လျက်ရှိလေ၏။

တိတ်ဆိတ်သော ညဥ့်အချိန်၌ ထိုသံလွင်မြစ်၏ လရောင်အောက်တွင် ငွေရည်ဖြင့် ပက်ဖျန်းထားသကဲ့သို့သော မြစ်ရေအလျဉ်ကို ကြည့်ရှုကာ လေပြည်လေအေး၏ တိုက်ခတ်တိုးဝေ့ သယ်ဆောင်ကာယူသည့်သော တောပန်းတောင်ပန်းတို့၏ တသင်းသင်းတပျံ့ပျံ့ မွှေးကြိုင်လှသော ရနံ့တို့ကိုခံစားရင်း မလှုပ်မယှက် အိမ်ပြတင်းမှ ခေါင်းကလေးထွက်လျက်ရှိသော ပုံသဏ္ဍာန်တစ်ခု၏ မျက်နှာသည်လည်း လရောင်ဖြင့်

mgyoe.com

mgyoe.com


ဟပ်လျက်ရှိလေ၏။ လ၏ရောင်ခြည်ဟပ်ခြင်းကိုခံရသော ထိုမျက်နှာကလေးသည် ယဉ်ကျေး၍ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော မိန်းမပျို့ကလေး၏ မျက်နှာကလေးပင်ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်ပေ၏။

လရောင်ခြည်ဖြင့် ပက်ဖျန်းခြင်းကိုခံရသော အဆိုပါမျက်နှာကလေးသည် တသွင်သွင် စီးဆင်းလျက်ရှိသော သံလွင်မြစ်၏ရေလျဉ်နှင့် ကြယ်တာရာအပေါင်းခြံရံလျက် ထွက်ပြူထွန်းလင်းနေသော ငွေသော်တာလမင်းကို တောက်ပသောမျက်လုံးများဖြင့် နှစ်သက်စွာ တစ်လှည့်စီ ကြည့်ရှုကာ ရွှင်လန်းချမ်းမြေ့သော အမူအရာဖြင့် တစ်ခါတစ်ခါ ပြုံးမယောင်ယောင်ရှိလေ၏။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့် ညဉ့်အချိန်အခါ လရောင်အောက်တွင် တစ်စုံတစ်ရာ ပူပင်သောကရှိဟန်မတူသော ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် ထိုမိန်းမငယ်၏ လှပသော မျက်နှာကလေးကို ဝင်းအတွင်း အိမ်နှင့်မနီးမဝေး မီးလောင်ထားသော ကညင်ပင်ငုတ်တိုကြီးကိုမှီကာ ချစ်သွေးနှောသော မျက်လုံးများဖြင့် စိန်းစိန်းကြီး ကြည့်ရှုငေးမောနေသော သူသည် မိမိ၏အလုပ်ဝတ္တရားကိုလည်းကောင်း၊ တစ်ပါးသောသူ၏ ပိုင်နက်သို့ ကျူးကျော်ဝင်ရောက်လျက်ရှိခြင်းကိုလည်းကောင်း၊ ထိုသို့ ကျူးလွန်ဝင်ရောက်ခြင်းကို ထိုမိန်းမငယ်ရှိသော အိမ်မှ အိမ်ကြီးရှင်တွေ မြင်သွားပါက မိမိအပေါ်၌ ကျရောက်ငြိတွယ်မည့် ဘေးအန္တရာယ်ကိုလည်းကောင်း တွေးတောဆင်ခြင်မိခြင်း အလျဉ်းမရှိသကဲ့သို့ တမေ့တမောကြီးသာလျှင် ပြတင်းဝမှ လှပသော မျက်နှာကလေးအား ခွဲခွာမသွားရက်ဘဲ အမြဲသာ ကြည့်ရှုနေလေ၏။

ကညင်ပင်ငုတ်တိုကြီးကိုမှီကာ ကြည်သာသော နှလုံးဖြင့် ပြုံးပြုံးကြီးကြည့်နေသော ထိုသူသည် တစ်ခါတစ်ခါ၌ အိမ်ဆီသို့ လက်လှမ်း၍ ခေါ်တော့မလိုလို၊ တစ်ခါတစ်ခါ၌ အသာအယာ ပြတင်းပေါက်အောက်နားသို့ပင် ရောက်သွားတော့မလိုလို ဟန်ပြင်လျက်ရှိသည်ကိုလည်း

mgyoe.com

mgyoe.com


တွေ့မြင်ရပေ၏။ ထိုသို့ အချစ်ဓာဖြင့် မေတ္တာတောတွင် အတောမသတ်နိုင်အောင် ချာလပတ်လည်လျက် ကိုယ်လက်မှစ၍ မငြိမ်မသက်ရှိစဉ် သာယာနာပျော်ဖွယ်ကောင်းသော တေးသံကလေးသည် ပြတင်းဝဆီမှ ထွက်ပေါ်လာသဖြင့် ကညင်ပင်ငုတ်တိုကိုမှီနေသော သူသည် နားစွင့်လျက် မလှုပ်မယှက် ငြိမ်သက်စွာရှိရပြန်လေ၏။

'ထွန်းလင်းတောက်ပရောင်ခြည်၊ ပွင့်လျှံစည် ဘုန်းတောက်ပန္နန်းနှင့်၊ ပထွန်းဝင်း၊ မိုးနှင့်မြတ်ရာ၊ စံရွှင်ကာ အံ့ရာဆကြူးကြူး၊ လှိုင်းတမြူးမြူး၊ ဆန်းထူးပြား သာလှလှလေ၊ ဘုန်းမိုးဝေ ဇွေလှလေးလေး၊ ယဉ်မျိုးယဉ်မျိုး ချုပ်ယူစိုးတော်မူ၊ နိုင်းနှုန်းဖက်ယှူ မိုးမှာလူ။ နတ်တူစံ မြန်းရရလေး၊ မြတ်ရွှေရံစံပယ်ခခလေး၊ ဘုန်းပန်းထိန်ဝင်း လှိုင်ပျံ့ပျံ့သင်း၊ ဝင်းပလာ ထွန်းသော်တာ... '

ပြတင်းပေါက်ဆီမှ သီဆိုကျူးရင့်လိုက်သော တေးသံသည် လေပြည်နှင့် ရောထွေးလျက် အကြောအသွေးအတွင်းသို့ ချင်းနင်းဝင်ရောက်သည့်အလား ငြိမ်သက်စွာ နားထောင်နေသူ၏ အသည်းနှလုံးတွင်းသို့ ယူကျုံး၍ သွင်းလိုက်ဘိသကဲ့သို့ အေးခနဲ ရှိန်းခနဲဖြစ်ကာ နှလုံးလေတွေ့သဘောနှင့် အငေ့ကြီးငေ့လျက် ရှိလေ၏။ ထိုသို့ သဘောငေ့လျက် အမေ့ကြီးမေ့ကာ မျက်စိကိုမှေးမှိတ်ရင်း ဆက်လက်သီဆိုသည့် အသံကို စည်းစိမ်နှင့်နားထောင်ပြီး သောတအာရုံခံစားလျက်ရှိရာ မည်သည့်အချိန်တွင် တေးဆုံး၍ အသံရပ်စဲသွားသည်ကိုမျှ မသိရှိဘဲ တောင်ခြေရင်း ဘုန်းတော်ကြီးကျောင်းမှ ခေါင်းလောင်းကြေးစည်နှက်သံများနှင့် ပျင်းရိကြောက်မက်ဖွယ်ရာ ရှည်လျားစွာသော ခွေးအူသံများကို သဲ့သဲ့မျှ

mgyoe.com

mgyoe.com


ကြားရသောအခါမှ အိပ်မှုန်စုံမွှားဖြင့် ကမန်းကတန်း မျက်စိများကို ပွတ်သပ်ရင်း ပြတင်းဆီသို့ ကြည့်ရှုမိလေ၏။ သို့သော် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောလုပသည့် မျက်နှာကလေးအစား ပိတ်လျက်ရှိသော ပြတင်းကိုသာ တွေ့မြင်ရလေ၏။ ကညင်ပင်ငုတ်တိုကို မှီလျက်ရှိသော သူသည်လည်း ပိတ်လျက်ရှိသော ပြတင်းတံခါးအား အနိဋ္ဌာရုံကဲ့သို့ သဘောထား၍လေလားမသိ၊ သုန်မှုန်စွာကြည့်ရှုလျက် အတန်ငယ်ကြာသောအခါ နှမြောတသ လွမ်းဆွတ်လှသော အမူအရာဖြင့် ဖြည်းနှေးလေးကန်စွာ ကညင်ပင်ငုတ်တိုကြီးမှ ထွက်ခွာသွားလေ၏။

လရောင်သည်လည်း ဘော်အဆင်းကဲ့သို့ ဝင်းဝင်းထိန်လျက်ပင် ရှိလေ၏။ တောင်ခြေရင်း ဘုန်းကြီးကျောင်းဝင်းရှိ စေတီကြီး၏ ထီးတော်မှ ဆည်းလည်းသံများသည်လည်း ဖြည်းညင်းစွာ တိုက်ခတ်အပ်သော လေအဟုန်ဖြင့် လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းဖွယ်ရာကဲ့သို့ မြည်ဟည်းလျက်ရှိသည်ကို ခပ်သဲ့သဲ့မျှကြားရပေ၏။ သံလွင်မြစ်တွင်း၌ အစဉ်စီးဆင်းလျက်ရှိသော ရေအလျဉ်သည်လည်း လရောင်အောက်တွင် တသွင်သွင် တိုက်ခတ်အပ်သော လေအဟုန်ကြောင့် တတုန်တုန် တလျှပ်လျှပ် ငွေသားရောင်ဟပ်လျက်ပင် ရှိလေ၏။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော လုပသည့် မျက်နှာကလေးပေါ်ထွက်ရာအိမ်ကြီးသည်ကား ဆိတ်ငြိမ်လျက်၊ ကညင်ပင်ငုတ်တိုကြီးမှ ထွက်ခွာသွားသောသူ၏ နောက်ဘက်တွင် တဖြည်းဖြည်း ဝေးသည်ထက်ဝေးစွာ မထင်မရှား ကျန်ရစ်ခဲ့လေသတည်း။

❑

mgyoe.com

mgyoe.com


# [၂]
# ညှော်သည့် မောင်ရှုပ

"ဒကာကလေး မောင်ရှုပ၊ ထလေ–ထ, ထ–နေမြင့်လှပြီ၊ နေ့ဆွမ်းတောင်စားတော့မယ်၊ ဆရာတော်က မေးနေတယ်" ဟု ကျက်သရေခန်းအနီးတွင် အိပ်ပျော်လျက်ရှိသော အသက်အစိတ်ခန့်အရွယ်ရှိ ရုပ်ရည်ရူပကာယ ထွားကျိုင်းခံ့ညားလှသော လူငယ်ပျိုအား တင်ပါးကိုပုတ်ကာပုတ်ကာဖြင့် ကျောင်းကပ္ပိယ ဦးသူတော်သည် နှိုးလျက်ရှိရာ မောင်ရှုပဆိုသူ သူငယ်ပျိုသည် အိပ်ရာမှ ရုတ်တရက်မနိုးသေးဘဲ "အို... မိမိရဲ့မင့်သားကလေး တစ်ဆိတ်ခေါ်သွားစမ်းပါဦး...၊ ကျုပ်အလုပ်လုပ်တဲ့အနား လာလာရှုပ်နေပြန်ပြီ၊ ဒါတွေပဲ ခက်တာ... " ဟု ယောင်ယမ်းပြောဆိုလျက်ရှိသဖြင့် ကပ္ပိယဦးသူတော်မှာ အံ့အားသင့်ကာ အကြောင်သားငေးလျက် မောင်ရှုပအား ကြည့်ရှုနေမိလေ၏။ ထိုနောက်မှ ဦးသူတော်သည် တစ်စုံတစ်ရာ တွေးတောမိဟန်ဖြင့် ဟက်ဟက်ပက်ပက် လက်ခုပ်လက်ဝါးတီးခတ် ရယ်မောကာ၊ "အင်း... မောင်ရှုပ နှိုးမိတာနဲ့ ကျုပ်ဖြင့်သူ့သားဖြစ်သွားရပြီ၊ မေမေလုပ်မယ့် ဒကာမကလေးကဖြင့် ဒီအဖြစ်ကိုသိရှာမယ်မဟုတ်ဘူး။ အဟိ ကျုပ်လိုသားကြီး မွေးရမယ်ဆိုရင်ဖြင့်

mgyoe.com

mgyoe.com


မောင်ရှုပ ဒီဘဝ မယားမှရပါတော့မလား၊ ဟားဟားဟား” ဟု ရယ်မော ပြောဆိုကာ… “အဘ–အဘ–အို …ယောင်လို့ ယောင်လို့၊ မောင်ရှုပ– ဟော့မောင်ရှုပ၊ ထလေကွဲ့နေမြင့်လှပြီ” ဟု ခြေဖျားနှစ်ဖက်ကို ခပ်ကြမ်း ကြမ်းဆွဲခါ လှုပ်နှိုးပြန်လေ၏။

ထိုအခါ မောင်ရှုပသည် အိပ်ရာမှနိုး၍ ယောင်တောင်တောင်နှင့် ဟိုဟိုသည်သည် တစ်စုံတစ်ရာ စဉ်းစားတွေးတောသော အမူအရာဖြင့် လှည့်လည်ကြည့်ရှုရာ ခြေရင်းတွင် ဆောင့်ကြောင့်ထိုင်ကာ မိမိအား ကြည့်ရှု ရယ်မောနေသော ကပ္ပိယဦးသူတော်ကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် အိပ်မက်ထဲတွင် မိမိတစ်စုံတစ်ရာ ယောင်ယမ်းပြောဆို မိသည်ကို သတိရသလိုလို ဇဝေဇဝါဖြစ်ကာ “ဦးသူတော် ဘာဖြစ်လို့ ကျွန်တော့်ကိုကြည့်ပြီး ရယ်နေရသလဲ” ဟု ရှက်ကိုးရှက်ကန်းနှင့် မေးမြန်း သော်လည်း ဦးသူတော်မှာ စကားပြန်မပြောဘဲ ပါးစပ်ကြီးဖြဲကာသာ ရယ်မော၍နေလေ၏။ ထိုသို့ ဦးသူတော်ရယ်လေလေ မောင်ရှုပမှာ အနေကျပ်လေလေဖြစ်လျက် စိတ်မလုံဖြစ်ကာ အတန်တန်မေးမြန်းရာ ဦးသူတော်က “နောက်တော့ ပြောတာပေါ့ အဘရယ်၊ အဲလေ… ယောင် လို့ မောင်ရှုပရယ်၊ မောင့်ကို ဆရာတော်မေးနေတယ်…၊ ထ မျက်နှာ ကလေးဘာလေး သစ်လိုက်ဦး …၊ ဦးသူတော်လည်း ဆွမ်းပွဲသွားပြင် လိုက်ဦးမယ်” ဟု ပြောဆိုကာ ထသွားလေ၏။ မောင်ရှုပမှာလည်း ခေါင်းကိုကုတ်ရင်း တစ်စုံတစ်ရာ တွေးတောစဉ်းစားသောဟန်ဖြင့် လေးကန်စွာထပြီးလျှင် ရေမိုးချိုးကာ ဦးသူတော်နောက် ဆွမ်းစားဇရပ်သို့ လိုက်သွားလေ၏။

မောင်ရှုပ ခေတ္တတည်းခိုနေလျက်ရှိသော ကျောင်းမှ ကျောင်းထိုင် ဘုန်းတော်ကြီးသည်ကား သက်တော် ၅၀ နီးပါးခန့်ရှိ၍ စာပေပညာ ကောင်းစွာ တတ်မြောက်သည့်ပြင် တရားဟောလည်း လွန်စွာကောင်း

mgyoe.com

mgyoe.com


သဖြင့် မုတ္တမမြို့စား ဗညားရန်နိုင်နှင့်တကွ မုတ္တမမြို့အလုံးက အထူးကြည်ညိုခြင်းကိုခံရသော ဘုန်းတော်ကြီးဖြစ်ပေ၏။ ကျောင်းမှာ မြို့နှင့်အနည်းငယ်ကွာလှမ်း၍ မုတ္တမတောတန်း အရှေ့တောင်ကြမ်းခေါ် တောင်ငယ်တစ်လုံး၏ ခြေရင်းတွင် တည်ရှိသည်ဖြစ်ရာ ဥယျာဉ်၊ ခြံမြေ၊ ရေတွင်း ရေကန်နှင့်တကွ ဝိုင်းရံလျက်ရှိသည်ဖြစ်သောကြောင့် သူတော်ကောင်းများ နှစ်ခြိုက်ဖွယ်ရာ လွန်စွာ အေးချမ်းဆိတ်ငြိမ်သော တောကျောင်းပင်ဖြစ်၏။ ဘုန်းတော်ကြီး၏ ဘွဲ့တော်မှာ "ဦးမာလာ" ဟု ဘွဲ့ချီသော်လည်း အရပ်နယ်ပယ်နှင့်တကွ တောင်ကြမ်းဆရာတော်ဟူ၍ လည်းကောင်း၊ မုတ္တမဆရာတော် ဟူ၍လည်းကောင်း ခေါ်ဆိုကြည်ညို လျက်ရှိကြသည်ဖြစ်သောကြောင့် ဦးမာလာဟူသော ဘွဲ့တော်မှာ လုံးလုံးကွယ်ပျောက်လျက်ရှိလေ၏။ သြဇာတိက္ကမလည်း လွန်စွာကြီးမားလေ၏။

ဘုန်းတော်ကြီးလည်း မိမိကျောင်းတွင် ဧည့်သည်အဖြစ်ဖြင့် တည်းခိုနေထိုင်လာသော မောင်ရူပအား မိမိ၏ တပည့်ရင်းချာကဲ့သို့ စောင်မကြည့်ရှု ပြုစုဆုံးမပေ၏။ မောင်ရူပမှာ ယခုအခါ ကျောင်း၌ တည်းခိုနေသည်မှာ ၁၀ ရက်ခန့်မျှရှိပြီဖြစ်၍ ရှေ့အဖို့၌ မည်မျှရက်ကြာအောင် တည်းခိုနေထိုင်ဦးမည် မသိရသော်လည်း ဘုန်းကြီးသည် တစ်စုံတစ်ရာ ငြိုငြင်ခြင်းမရှိဘဲ မိမိကျောင်းမှ ထွက်ခွာသွားမည်ကိုပင် စိုးရိမ်သကဲ့သို့ ရှိနေပေ၏။ အကြောင်းကား လူသွေးလူရောင် ပြောင်ခြင်း၊ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော ရုပ်ရူပကာယရှိခြင်း၊ အပြောအဆို၌ သာယာချောင်း လိမ္မာရေးခြားရှိခြင်း၊ သွားပုံလာပုံ၊ လုပ်ပုံကိုင်ပုံတို့၌ ပေါ့ပါးလျင်မြန်ဖျတ်လတ်ခြင်း၊ ရဲရင့်တည်ကြည်သော မျက်နှာထား အမူအရာရှိခြင်း စသော ယောကျ်ားကောင်းတို့၏ ဂုဏ်အင်္ဂါအရည်အချင်းတို့သည် ဘုန်းတော်ကြီး၏ စိတ်ကြိုက်နှင့် ကိုက်လျက်ရှိသောကြောင့် ထိုဂုဏ်တို့နှင့် ပြည့်စုံသော မောင်ရူပအား ဘုန်းတော်ကြီးသည် အထူးခင်မင်

mgyoe.com

mgyoe.com


လျက်ရှိပေ၏။

မောင်ရှုပလည်း ခရီးကြုံသဖြင့် ခေတ္တခဏမျှဟု တည်းခိုနေထိုင်ရာ ဆရာတော်၏ ခင်မင်မြှောက်စားခြင်းအတွက်ကြောင့် တစ်ကြောင်း၊ ခရီးပန်းသည်အတွက်ကြောင့် တစ်ကြောင်း၊ မိမိလိုအင်ဆန္ဒကလည်း မပြည့်စုံသေးသောကြောင့် တစ်ကြောင်း၊ ထိုသို့သော အကြောင်းများကြောင့် တစ်ရက်မှနှစ်ရက်၊ နှစ်ရက်မှ သုံးရက် စသည်ဖြင့် ရက်ပေါင်းများစွာ ထိုဆရာတော်ကျောင်းတွင် ကြန့်ကြာခဲ့ခြင်းဖြစ်ပေ၏။

မောင်ရှုပ၏ မပြည့်စုံသေးသော လိုအင်ဆန္ဒသည်ကား အဘယ်သို့သော လိုအင်ဆန္ဒပေနည်း။

❑

mgyoe.com

mgyoe.com


# [၃]
# ချစ်ခြင်းမေတ္တာ

ဆွမ်းစားလျက်ရှိသည်ကို ရှိသေစွာဝပ်တွားပြီး လက်ယှက်ကာနေသော မောင်ရူပအား ဆရာတော်သည် မကြာခဏ ခင်မင်သော အမူအရာဖြင့် ကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုရင်း တစ်ခါတစ်ခါ တစ်စုံတစ်ရာကို တွေးတောစဉ်းစားသော အမူအရာဖြင့် ဆရာတော်ဘုရားသည် ဆွမ်းလုတ်ကို လက်တွင်ကိုင်ကာ ငေးမောတွေဝေလျက် ရှိလေ၏။ မိမိ၏ နောက်နောက်က အကြောင်းအရာများကိုလည်း ပြန်လည်သတိရရှိသော အနေဖြင့် တစ်ခါတစ်ခါ ညှိုးငယ်စွာသော ဆရာတော်ဘုရား၏ မျက်နှာအမူအရာကို တွေ့မြင်ရပေ၏။ သို့သော် ဆရာတော်ဘုရားသည် မိမိဘဝကို မိမိပြန်လည်သိရှိရသကဲ့သို့ သံယောဇဉ်အမျှင် မတွယ်မိစေရန် ပြန်လည်တွေးတောခြင်းအလုပ်ကို တစ်မုဟုတ်ချင်း ဖြတ်တောက် ချိုးနှိမ်လိုက်လေ၏။ ထို့နောက် ဆွမ်းစားပြီးသောအခါ ကိုရင်များဘက်သို့ ဆွမ်းပွဲကို သယ်ယူစေပြီးနောက် အချိုပွဲဘုဉ်းပေးရင်း မောင်ရူပအား "ဒကာကလေး ညညအချိန်မတော် တယ်လည်သကိုး၊ သူများရပ်ရွာမှာ အသိအကျွမ်း မရှိဘဲ ဒါလောက်လည်ပတ်ဖို့ မသင့်ဘူးလို့ ဆရာတော်ထင်တယ်၊ ညက

mgyoe.com

mgyoe.com


လည်း သန်းခေါင်ကျော် လင်းအားကြီးမှ ပြန်လာတယ်လို့ သူတော်က လျှောက်တယ်ကွဲ့.” ဟု ဆုံးမစကား ပြောကြားလေရာ...

မောင်ရှုပ။ ။ “မှန်ပါဘုရား၊ အရှင်ဘုရား ဆုံးမဩဝါဒပေးခြင်းကိုလည်း အထူးနာခံလိုပါတယ်ဘုရား၊ ကျေးဇူးလည်းတင်ပါတယ်ဘုရား၊ သို့သော်လည်း တပည့်တော်မှာ ကိစ္စကလေးတစ်ခုရှိနေတာနဲ့ ညက အတော်ကလေး ညဉ့်နက်သွားပါတယ်၊ သည်းခံတော်မူပါဘုရား”

ဘုန်းကြီး။ ။ “ဘုန်းကြီးဆိုတာမျိုးဟာ... အမြဲခန္တီတရားလက်ကိုင်ထားရတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သည်းခံဖို့ အထူးပြောနေဖွယ်မလိုပါဘူး၊ ညအချိန်မတော် လည်တာကိုသာ တပည့်ရင်းသားရင်းလို သဘောထားပြီး ဆရာတော်က သတိပေးရခြင်းဖြစ်တယ်၊ ကိစ္စရှိလို့ဆိုလည်း ပြီးတာပ...”

ဆရာတော်ဘုရားသည် ထိုသို့ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် စကားကို ရှေ့မဆက်ဘဲ တစ်စုံတစ်ရာသတိရလေဟန်ဖြင့် တွေဝေစဉ်းစားလျက် ညှိုးငယ်သော မျက်နှာအမူအရာသည် တစ်ဖန် ပေါ်ပေါက်လာကာ အတန်ကြာသောအခါ ဦးခေါင်းကို အသာအယာညိတ်ပြီး ဆွမ်းစားဇရပ်မှ ဆင်းသက်ကြွသွားတော်မူလေ၏။

နေ့ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ ကိုရင်များနှင့် ကျောင်းသားများလည်း အသီးသီး မိမိတို့တက်ထားသော စာများကို ကျက်မှတ်ရန် ဆင်းသွားကြလေလျှင်... ဆွမ်းစားဇရပ်တွင် ဦးသူတော်နှင့် မောင်ရှုပသာလျှင် ကျန်ရစ်ခဲ့လေ၏။ ထိုသို့ နှစ်ယောက်တည်း ကျန်ရစ်သောအခါ မောင်ရှုပက ဦးသူတော်အား မျက်စောင်းထိုးကာ “ဦးသူတော်... တယ်ကောင်းတယ်၊ ညကကျွန်တော် အလည်လွန်တာကို ဘုန်းကြီးပြန်လျှောက်လိုက်တယ်ပေါ့လေ” ဟု မရယ်မပြုံးဘဲနှင့် မေးမြန်းလိုက်ရာ... ဦးသူတော်မှာ ဝမ်းနည်းသောအမူအရာဖြင့် “ဘယ့်နှယ်လုပ်မလဲ မောင်ရှုပ

mgyoe.com

mgyoe.com


ရယ်၊ နံနက်အရုဏ်မလာခင် ခေါင်းလောင်းကြေးစည် တီးရိုက်တဲ့အခါမှာ ဆရာတော်နိုးနေကျဆိုတာ မောင်ရူပအသိမဟုတ်လား၊ ညက မောင်ရူပပြန်လာလို့ ဦးသူတော် တံခါးထဖွင့်ပေးတော့... ဘယ်သူလဲ ဟဲ့လို့ ဆရာတော်ကမေးတာနဲ့ မောင်ရူပပါဘုရားလို့ မလွှဲသာ မရှောင်သာ ပြန်လျှောက်လိုက်ရတယ်၊ ဒီပြင်ညတွေ ထွက်ထွက်သွားနေတုန်းက စောစောပြန်လာတော့... ဆရာတော်လည်း အမှတ်မဲ့နဲ့မမေးဘူး၊ ဦးသူတော်ကလည်း ကိုယ်ချင်းစာတဲ့သဘောနဲ့ ပေါက်ကြားအောင် မလျှောက်ကြားခဲ့ဘူးမဟုတ်လား" ဟု လေသံခပ်ပျော့ပျော့နှင့် ပြောဆိုလေလျှင် မောင်ရူပမှာ ဦးသူတော်အား ခပ်ဆတ်ဆတ် ပြောဆို ပြစ်တင်မိသည်ကိုပင် ဝမ်းနည်းမိလေ၏။ ထိုနောက်မှာ ဦးသူတော်၏ ကျောကို လက်ဖြင့်ပုတ်ကာ ရယ်မောလျက် "ကျွန်တော် ကျီစယ်တာပါ" ဟု ပြောသဖြင့် ဦးသူတော်မှာ မျက်နှာရွှင်လန်း၍လာပြီးလျှင်...

သူတော်။ ။ "ဒါနဲ့ မေးစမ်းပါရစေဦး အဘရယ်၊ အဲလေ ယောင်လို့– မောင်ရူပရယ်၊ ညက ဘယ်မာတုဂါမအိမ် တက်နေလို့ လင်းအားကြီးမှပြန်လာရသလဲ"

မောင်ရူပ။ ။ "အို... ဦးသူတော်ကလည်း၊ ကျွန်တော့်ကို ချစ်တယ်ဆိုပြီး အဘ–အဘနဲ့... တယ်ငရဲပေးတာကို....၊ ဘာဖြစ်လို့ ကျွန်တော့်ကို အဘ–အဘလို့ ယောင်သလိုလို လုပ်လုပ်ပြီးခေါ်ရတာလဲ၊ ကျွန်တော့်ကို အိပ်ရာကနှိုးတုန်းကလည်း ဦးသူတော်ရယ်နေတာ ဘာဖြစ်လို့လဲ... ပြောစမ်းပါ"

သူတော်။ ။ "ပြောတာပေါ့ နောက်တော့၊ မောင်ရူပ ညက ဘယ်ရောက်လို့ ဘယ်ပေါက်တယ်ဆိုတာသာ အရင်ပြောပါ၊ ဘယ်သူ့ကမှ ပြန်ပြီးမပြောစားပါဘူး"

မောင်ရူပ။ ။ "ကောင်းပြီ၊ ဘယ်သူ့မှလျှောက်မပြောနဲ့နော်၊

mgyoe.com

mgyoe.com


ဒီလိုဦးသူတော်ရဲ့၊ ဟိုဥပုသ်နေ့တုန်းက ကျောင်းကို သီလယူလာကြတဲ့ မြို့စားကြီးနဲ့ လူတစ်သိုက်ထဲမှာ ချောချောလှလှ၊ ယဉ်ယဉ်ကျေးကျေး၊ သေးသေးသွယ်သွယ်၊ သနားစဖွယ် ချစ်ဖို့ကောင်းတဲ့ ပပဝတီလောင်း ကလေး...."

စကားမဆုံးခင် ဦးသူတော်သည် ပေါင်ကိုလက်နှင့်ပုတ်ကာ တဟားဟားနှင့် ရယ်မောလျက်...

သူတော်။ ။ "တော်တော် မောင်ရှုပ၊ ပါးစပ်ဟရင် အူမဘယ် နှစ်ခွေရှိတယ်ဆိုတာ ဦးသူတော်သိပြီ၊ ဟိုမြို့စားကြီးရဲ့ နှမ ချောချောလှလှ မာတုဂါမလေးရဲ့အကြောင်း ပြောမလို့မဟုတ်လား"

မောင်ရှုပ။ ။ "ဟုတ်တယ် ဦးသူတော်ရဲ့၊ အဲ သူကလေးကို ဟိုဥပုသ်နေ့ကတွေ့ကတည်းက ကျွန်တော် ဘယ်လိုဖြစ်တယ်မသိဘူး၊ သူ့မျက်နှာကလေးကို အစဉ်ပဲ ကြည့်နေချင်တယ်။ ဒါကြောင့် မြို့စား ကြီးအိမ်နား နေ့လယ်နေ့ခင်း မယောင်မလည်နဲ့ သွားပေမဲ့ မတွေ့ရတာ နဲ့... ညညများတွေ့မလားလို့ သွားသွားစောင့်နေတာ လေးငါးရက် လောက်ရှိသွားပြီ၊ ညကမှ ပြတင်းပေါက်ကထွက်ပြီး ထိန်ဝင်းနေတဲ့ လမင်းကို မျှော်ကြည့်ရင်း သီချင်းကလေး တအေးအေးနဲ့ နေတာကို ကံကောင်းထောက်မလို့ တွေ့ခဲ့ရတယ် ဦးသူတော်ရဲ့"

သူတော်။ ။ "အင်း ရှေ့ဆက်စမ်းပါဦး"

မောင်ရှုပ။ ။ "ဒါနဲ့ ကျွန်တော်လည်း ကျက်သရေရှိတဲ့ သူ့မျက်နှာကလေး ကြည့်ကောင်းကောင်းနဲ့ ကြည့်ရှုရင်း နတ်နဲ့အတူ စံမြန်းချင်တယ်ဆိုလား ဘာဆိုလား... အဲဒီသီချင်းကလေး ဆိုနေတာကို စည်းစိမ်နဲ့ နားထောင်နေလိုက်တာ၊ ဦးသူတော် ထထိုးတဲ့ခေါင်းလောင်း သံကြားရတော့မှ ကျွန်တော်လည်းလန့်နိုးပြီး ချောင်းကြည့်ပြုံးပြန် ဆိုသလို ပြန်ခဲ့ရတယ်"

mgyoe.com

mgyoe.com


သူတော်။ ။ "ဟင်... အသည်းနာစရာ ကောင်းလိုက်တာ၊ ဘယ်အချိန်က အိမ်ထဲပြန်ဝင်သွားသလဲဆိုတာတောင် မသိလိုက်ဘူး ပေါ့၊ အင်း... မာတုဂါမကလေးက ဒကာကလေးကို သီချင်းဆိုပြီး သိပ်ပုံက ဟန်လှတယ်၊ နောက်များ အကြောင်းပါကြတဲ့အခါ ဒီလို သီချင်းနဲ့ ချော့ချော့ပြီး အသိပ်ခိုင်းဦးမှာ ဦးသူတော် မြင်ယောင်ပါသေးရဲ့ ဟီဟိ"

မောင်ရှုပ။ ။ "အို... ဦးသူတော်ကလည်း နောက်နေစရာ မဟုတ်ပါဘူး။ သည်မှာ ဦးသူတော်ရဲ့၊ မြို့စားကြီးရဲ့ နှမကလေးကို ရအောင်ကြံမပေးနိုင်ဘူးလား၊ ကျွန်တော်တော့ သူ့ကိုမရရင် ဒီကမပြန်ဘူး လို့ စိတ်ခဲထားတယ်"

သူတော်။ ။ "အမယ်လေးလေး–မလုပ်ပါနဲ့ မောင်ရှုပရယ်၊ ဦးသူတော် အသက်ရှည်ရှည်နေတာ မမြင်ချင်ဘူးမှတ်တယ်။ သူတို့က မင်းမျိုးမင်းနွယ်ထဲက တကယ့် မြို့စားကြီးကွဲ့၊ မောင်က အမျိုးအမည် မသိရတဲ့ ဧည့်သည်၊ ဘယ်ဖြစ်နိုင်ပါမလဲ၊ နောက်ပြီးတော့လည်း ဦးရိုးတော် ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က ဒီတူမတော်ကို အင်မတန် နှစ်သက်မြတ်နိုးတော်မူသတဲ့၊ သားတော် အိမ်ရှေ့ဥပရာဇာနဲ့တောင် လက်ဆက်ဖို့ ရည်မှန်းထားသလိုလို ကြားရတယ်"

မောင်ရှုပမှာ ဦးသူတော်၏စကားကို ကြားရသောအခါ ကြည်လင် လျက်ရှိသော မျက်နှာကလေးမှာ နေထိသောပန်းကဲ့သို့ မရွှင်လန်းနိုင်ဘဲ မှိုင်တွေချကာ ခေါင်းကိုငုံ့လျက် တစ်စုံတစ်ရာ စဉ်းစားတွေးတောဟန် ဖြင့် ငြိမ်သက်စွာ စကားမပြောဘဲရှိနေလေ၏။ ဦးသူတော်၏စကား၌ "သူတို့က မင်းမျိုးမင်းနွယ်ထဲက၊ မောင်က အမျိုးအမည်မသိရတဲ့ ဧည့် သည်၊ ဘယ်ဖြစ်နိုင်ပါ့မလဲ..." ဟူသော စကားကို များများကြီးစဉ်းစား ကာ မျက်ရည်များပင်လည်၍ လာမတတ်ဖြစ်ရလေ၏။ မောင်ရှုပသည်

mgyoe.com

mgyoe.com


အထူးသဖြင့် "မောင်က အမျိုးအမည်မသိရတဲ့" ဟူသော ဦးသူတော်၏ စကားကို အခြားစကားများထက် နားထဲမှာ စွဲလျက်ရှိလေ၏။ မင်းမျိုးနှင့်ဆင်းရဲသား မညားရဘူးဟူသော ကမ္ဘာထုံးတမ်းဥပဒေ မရှိပါဘဲလျက် အဘယ်ကြောင့် မတူမတန်ရှိရမည်နည်း။ ယောကျ်ား၏ ဘုန်းတန်ခိုးကိုသာ မိန်းမများမှာ ခိုလှုံရသည်မဟုတ်ပါလော။ *ဘုရင့်နောင်ဟု ထင်ရှားသော မင်းရဲထွဋ်သည် တပင်ရွှေထီးအစ်မတော်နှင့် အကြောင်းမျှ၍ ဟံသာဝတီ ဆင်ဖြူများရှင်ဟူသော ဘွဲ့ဖြင့် ထီးဆောင်းမင်းအပေါင်းတို့၏ သခင် ဟံသာဝတီပြည်ကြီးရှင်ဖြစ်ခဲ့သည်မှာ ဆင်းရဲသားပင် မဟုတ်တုံလော။ ထိုသို့ဖြစ်လျှင် မုတ္တမမြို့စား၏ နှမတော်မျှသာ ဖြစ်သောသူအား အဘယ်ကြောင့် မိမိမရဘဲရှိနိုင်ပါအံ့နည်း။ လောက၌ မင်းမျိုးနှင့် ဆင်းရဲသား မတူမတန်ဟူသော ဂုဏ်ဒြပ်သည် အရေးမကြီး၊ ချစ်ခြင်းမေတ္တာသာလျှင် ပဓာနဖြစ်၏။ ယောကျ်ားတမွန် လူရည်ချွန်က၊ မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်းရမြဲလမ်းပင် မဟုတ်ပါလော စသဖြင့် မိမိကိုယ်ကို မိမိအားပေးသော တွေးတောချက်တို့သည် တိုးတက်ကျယ်ဝန်း၍ လာလေသတည်း။

❑

* ဆင်းရဲသားမင်းဖြစ်၍။ မြန်မာရာဇဝင်တွင် အထင်ရှားဆုံးသော ဘုရင့်နောင်၏ အတ္ထုပ္ပတ္တိအကျယ်ကို သိလိုက၊ မြန်မာသူရဲကောင်း နံပါတ် ၃ ကိုဖတ်ပါ။

mgyoe.com

mgyoe.com


# [၄]
# မုတ္တမမြို့စား ဗညားရန်နိုင်

မုတ္တမမြို့စား ဗညားရန်နိုင်နှင့် နှမတော် သီရိမာလာတို့သည်ကား အိန္ဒိယမှ တိုင်းခန်းလှည့်လည် ရောက်ရှိလာသော ရာမညရာဇာ စတင်တည်ထောင်သည်ကို အကြောင်းပြု၍ ရာမညတိုင်းဟု ထင်ရှားသည့် ရာမညတိုင်း မွန်သုံးရပ်ကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေတော်မူသော ဟံသာဝတီပဲခူးပြည့်ရှင် ဘုရင်မင်းတရားကြီး၏ဝမ်းကွဲ တူတော် တူမတော်များဖြစ်လေရာ မုတ္တမမြို့စား၏ ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်းအတွက်ကြောင့်လည်းကောင်း၊ သီရိမာလာ၏ အထူးလှပ လိမ္မာရေးခြားရှိခြင်းအတွက်ကြောင့် လည်းကောင်း ဘုရင်မင်းတရားကြီးသည် များစွာ ယုံကြည်ကိုးစား နှစ်သက်သောအားဖြင့် သူတစ်ထူးထက် ကဲလွန်စွာ ချီးမြှင့်မြှောက်စားလေ့ရှိရာ အဆောင်အယောင် အခမ်းအနား ကျေးကျွန်သင်းပင်းများနှင့်တကွ သိုက်မြိုက်တင့်တယ်စွာ ရှိရကား နန်းတွင်း၌ ခစားရသော မင်းညီမင်းသား၊ သားတော် သမီးတော်များတမျှ ကဲ့သို့ပင် ရှိပေ၏။ မုတ္တမမြို့စားမှာ စစ်ရေးစစ်ရာ၌ ဘုရင်မင်းမြတ်၏ လက်ရုံးတစ်ဆူ အားကိုးတော်မူရသောကြောင့် စစ်ပွဲအောင်တိုင်း အောင်တိုင်း

mgyoe.com

mgyoe.com


သောအခါတိုင်း၌ တံဆိပ်ဘယက်များ ချီးမြှင့်ခြင်းကိုလည်း မကြာမကြာ ခံယူရရှိပေ၏။

ဗညားရန်နိုင်သည် အမည်နှင့်လိုက်လျောညီစွာ ကာယဗလ၊ ဉာဏဗလ နှစ်ဝသော အင်အားနှင့် စုံလင်ပြည့်ဝသည့်ပြင် ဓားခုတ်လှံထိုး၊ မြင်းစီးမြင်းတက် စသော မင်းညီမင်းသားတို့ တတ်အပ်သော အတတ်မျိုးကိုလည်း တတ်မြောက်ကျွမ်းကျင်၍ ရာမညတိုင်း မွန်သုံးရပ်တွင် ပြိုင်ယှဉ်ဘက် မမြင်လောက်အောင်ပင် စွမ်းအင်သတ္တိရှိသူတစ်ယောက် ဖြစ်ပေ၏။ မိမိရဲဘော် ငယ်ကျွန်တော် အမှုထမ်းတို့ကိုလည်း မိမိကဲ့သို့ပင် ဓားခုတ်၊ လှံထိုး၊ မြင်းစီး အတတ်အမျိုးမျိုးတို့ကို ကျွမ်းကျင်လိမ္မာစေရန် နံနက် ည မှန်မှန်ပင်ပြသလျက် အားလပ်ခွင့်ရက်များ၌လည်း အလေ့အကျင့်ရရှိစေခြင်းငှာ မုတ္တမတောတန်းတွင် အမဲလိုက်ခြင်း၊ အချင်းချင်း လူခွဲ၍ ဓားရေး–လှံရေး–စစ်ဆင် စစ်တက်ပြခြင်း စသည်တို့ကို ပြုလုပ်လေ့ကျင့်မြဲ ဖြစ်လေ၏။

သူရသတ္တိနှင့်ပြည့်စုံ၍ ဓားရေး၊ လှံရေး စသည်တို့၌ ကျွမ်းကျင်တတ်မြောက်သော သူတို့အားလည်း အထူးချီးမြှင့် မြှောက်စားလေ့ရှိသည့်ပြင် ထိုသို့ သူရသတ္တိနှင့် ပြည့်စုံသူများအားလည်း မိမိလက်အောက်ငယ်သား မဟုတ်ငြားက မိမိထံတွင် အမှုမထမ်းချင် ထမ်းချင်အောင် တစ်နည်းနည်းဖြင့် သွေးဆောင်ဖြားယောင်း၍ မိမိ ကျွန်ယုံတော်အဖြစ်သို့ရောက်စေလေ၏။ ထိုသို့ ဘုရင်မြှောက်စားခြင်းကို အထူးခံရ၍ သူရသတ္တိနှင့် ပြည့်စုံသော လူစွမ်းကောင်း တပည့်လက်သား အခြွေအရံ ပြည့်စုံလှသည့် မုတ္တမမြို့စား ဗညားရန်နိုင်အုပ်ချုပ်ရသော နယ်ပယ်သည် ရာမညတိုင်း မွန်သုံးရပ်တွင် အထူးသဖြင့် အင်အားအကြီးအမားဆုံး၊ ငြိမ်ဝပ်ပိပြားဆုံးသော နယ်တစ်နယ်ဖြစ်ကြောင်း ကျော်ကြား၍နေလေ၏။ နယ်သူနယ်သားတို့မှာလည်း ဗညားရန်နိုင်အား မော်၍မျှမကြည့်ဝံ့သကဲ့

mgyoe.com

mgyoe.com


သို့ ချစ်ကြောက်ရိုသေခြင်း ရှိကြကုန်၏။ အသက်အရွယ်မှာ ၃၀ ခန့်မျှသာလျှင် ရှိလေ၏။

ဗညားရန်နိုင်သည် မကြာမီ တစ်နေ့သော နံနက်အချိန်တွင် မောင်ရှုပတည်းခိုနေထိုင်သော တောင်ကြမ်းဆရာတော် သို့မဟုတ် မုတ္တမဆရာတော်ကျောင်းအနီးမှ ဖြတ်သန်းကာ နောက်ပါတပည့်များဖြင့် မြင်းကိုယ်စီစီးကာ မုတ္တမတောတန်းသို့ ရှေ့ရှုသွားသည်ကို မောင်ရှုပသည် ဆွမ်းစားဇရပ်မှ မြင်လိုက်ရသဖြင့် မြို့စားကြီးအိမ်သို့ သီရိမာလာ၏ မျက်နှာကလေးကို ရှုစားရန် သွားရောက်လိုသော ဆန္ဒသည် ရုတ်တရက် ပေါ်ပေါက်၍လာလေ၏။ သို့သော် အထက်ထက်က နေ့အချိန်အခါတွင် အကြိမ်ကြိမ်အခါခါ သွားရောက်ပါသော်လည်း မျက်နှာကိုမြင်ရဖို့ဝေးစွ၊ အိမ်အနီးသို့မျှပင် မကပ်ဝံ့လောက်အောင် အိမ်တော်သားကျေးကျွန်များ စည်ကားလျက်ရှိသည်ကို ပြန်လည်သတိရမိသောအခါ စိတ်မသက်မသာ မျက်နှာထားညှိုးငယ်စွာဖြင့် ဟင်းချမိပြန်လေ၏။ သို့နှင့် မောင်ရှုပသည် သွားရကောင်းလေမလား၊ မသွားဘဲနေရ ကောင်းလေမလားဟု ချီတုံချတုံဖြစ်ကာ ဆွမ်းစားဇရပ်ပေါ်တွင် လက်နောက်ပစ်လျက် စင်္ကြံလျှောက်ရင်း တစ်စုံတစ်ရာ ပြဿနာန်းဆုံးဖြတ်လိုက်သကဲ့သို့ ဦးခေါင်းကို ဖျောက်ကာ ဆွမ်းစားဇရပ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားလေ၏။

အတန်ငယ်ကြာလျှင် ဆရာတော်ရှေ့တွင် အထုပ်အပိုးများဖြင့် ဝပ်တွားရှိခိုးလျက်ရှိသော မောင်ရှုပအား ဘုန်းတော်ကြီးသည် အသွားအလာ အနေအထိုင်၊ အပေါင်းအသင်း၊ အစားအသောက်၊ အပြောအဆိုမှစ၍ ဆင်ခြင်ရန် ဆုံးမဩဝါဒစကား ပြောကြားလျက်ရှိသည်ကို ကျောင်းပေါ်သို့တက်လာသော ဦးသူတော်မြင်ရလေရာ အံ့အားသင့်သော အမူအရာဖြင့် ရပ်တန့်ကာ ကြည့်ရှုမိလေ၏။ ထိုနောက်မှ ထွက်ခွာသွားတော့မည့်အကြောင်းကို ရိပ်မိလာသဖြင့် မောင်ရှုပနှင့် မနီးမဝေးနေရာတွင်

mgyoe.com

mgyoe.com


ထိုင်၍ ဘုန်းတော်ကြီးအား ဝပ်ချကာ ပြောဆိုသောစကားကို နားထောင်လျက်ရှိလေ၏။

ဘုန်းတော်ကြီး။ ။ 'ဒကာကလေး ယခုလို ရုတ်တရက် ထွက်ခွာသွားမယ်ဆိုတော့ ဆရာတော်အများကြီးပဲ ဝမ်းနည်းမိတယ်၊ ခေတ္တခဏမျှတွေ့ရတဲ့ ဧည့်သည်ပေမဲ့ ဆရာတော်က တပည့်ရင်းသားရင်းလို သဘောထားတယ်ဆိုတာကို ဒကာကလေးအသိပဲ၊ နို့သော်လည်း ကိုယ့်ကိစ္စနဲ့ကိုယ်မို့ ဆရာတော်လည်း အထူးမတားဘဲ သွားလေရာရာမှာသာ ခလုတ်မထိဆူးမငြိဖို့ ဆုတောင်းရတာပဲ"

မောင်ရှုပ။ ။ "မှန်လှပါ အရှင်ဘုရား၊ တပည့်တော်အပေါ်မှာ တစ်ကြိမ်တစ်ခါမျှ တွေ့ကြုံဖူးရုံမျှနဲ့ မည်မျှ ခင်မင်စောင့်ရှောက်တယ်ဆိုတာ အသိဖြစ်ပါတယ်၊ ဒီကျေးဇူးတွေကို တပည့်တော်တတ်နိုင်တဲ့ တစ်နေ့နေ့ ပြန်ဆပ်မယ်လို့ အားခဲထားပါတယ်"

ဘုန်းတော်ကြီး။ ။ "ဒီလိုကျေးဇူးတရား မမေ့ဘူးဆိုတာဟာ လောကမှာ ကြီးပွားခြင်း အခြေခံတစ်ရပ်ဖြစ်လို့ ဒကာကလေးစိတ်ထားပုံကို ဆရာတော်က သာဓုခေါ်ပါတယ်၊ ဒကာကလေးအကြောင်းကို မသိရသော်လည်း ကြီးပွားမယ့် ယောကျ်ားကောင်းတစ်ယောက်လို့ ဆရာတော်ယုံကြည်မိတယ်၊ ကြီးပွားပါစေလို့လည်း ဆုတောင်းတယ်၊ ဒကာကလေးလှူခဲ့တဲ့ ဝတ္ထုများကိုလည်း တခြားမှာအသုံးမချဘဲ သာသနာကြီးပွားရေးမှာအသုံးချဖို့ မှန်းထားပါတယ်"

မောင်ရှုပ။ ။ "ဝမ်းမြောက်လှကြောင်းပါဘုရား...၊ တပည့်တော်မှာ ယခုနေအခါ ခြေသလုံးအိမ်တိုင်ဆိုသလို ဘဝမျိုးရောက်နေတဲ့အတွက် ဤမျှငွေကလေးတစ်ပိဿာကို လှူဒါန်းရခြင်းပင် အတော်ဝမ်းနည်းလျက်ရှိပါတယ်။ သို့သော်လည်း တပည့်တော်ကိစ္စ ပြီးဆုံးတဲ့အခါမှာ အရှင်ဘုရားခြေတော်ရင်းသို့ ဖူးမြော်ကန်တော့ လာရောက်ပြီး အရှင်

mgyoe.com

mgyoe.com


ဘုရားအား အထူးကျေးဇူးဆပ်ပါဦးမယ် ဘုရား၊ တပည့်တော်လည်း ခရီးထွက်ဖို့အချိန် သင့်ပြီဖြစ်၍ ခွင့်ပြုတော်မူပါဘုရား" ဟု ပြောဆိုလျှောက်ထားကာ ရှိခိုးဦးချလေရာ ဘုန်းတော်ကြီးလည်း "အင်း... ဘုန်းကြီးစေ၊ သက်ရှည်စေ၊ အန္တရာယ်ကင်းလို့ သွားလေရာရာမှာ ငါ့တပည့်ကြီး ဘေးရှင်းစေ" ဟု ဆုပေးကာ မျက်နှာညှိုးငယ်စွာဖြင့် အခန်းတွင်းသို့ဝင်သွားလေ၏။

ဦးသူတော်လည်း ဘုန်းကြီးထသွားလျှင်ပင် မောင်ရှုပအနားသို့ တိုးလာ၍ "ဘယ့်နှယ်ဒကာကလေး...၊ ဘာသံမကြား ညာသံမကြားနဲ့ သွားတော့မလို့လား၊ ရုတ်တရက်ချက်ချင်း မြန်တော့မြန်လွန်းတယ်..." ဟု ပြောလေရာ...

မောင်ရှုပ။ ။ "ကိစ္စရှိသေးသကိုး ဦးသူတော်ရဲ့၊ လက်ဦးတုန်းကတော့ သူကလေးအတွက် ငဲ့ကွက်စောင့်စားပြီး တစ်နေ့သော်လည်း ဟန်လိမ့်နိုး၊ တစ်နေ့သော်လည်း ဟန်လိမ့်နိုးနဲ့ သူမသိငါပိုးဆိုသလို ပိုးပန်းနေခဲ့သော်လည်း ဖြစ်နိုင်ဖို့လမ်းက ဝေးလေဝေးလေ ဝေးလေလေမို့ သူ့အတွက်နဲ့ဖြင့် အချိန်ကုန်မခံတော့ပါဘူး၊ ငါ့ကိစ္စပြီးအောင် ဆောင်ရွက်ဦးမှပဲ၊ ကိစ္စပြီးမှပဲပြန်လာပြီး ဖူးစာဖက်မှန်ရင်လည်း ပေါင်းရလိမ့်မပေါ့လို့ သဘောပိုက်မိလို့ မြန်မြန်ခရီးထွက်ရတာပဲ ဦးသူတော်ရဲ့။ စကားပြောရတာတော့ ကောင်းပါရဲ့၊ အချိန်ရှိခိုက် ကျွန်တော်သွားလိုက်ပါရစေဦး၊ ဦးသူတော်အားလည်း ပြစ်မှားမိတာရှိရင်ဖြင့် ခွင့်လွှတ်ဖို့ ကာယဝစီမနောချီလို့ အလီလီကန်တော့ခဲ့ပါတယ်" ဟု ပြောဆိုကန်တော့ကာ အထုပ်အပိုးများကို ပိုက်လျက် ကျောင်းပေါ်မှဆင်းသက်ခဲ့လေ၏။

မောင်ရှုပသည် ထိုဘုန်းတော်ကြီးကျောင်းသို့ မိမိရောက်သည်မှစ၍ လွတ်ထားသော မိမိရဲဘော်ဖြစ်သည့် ရှမ်းမျိုးမြင်းလိမ္မာကလေးအား

mgyoe.com

mgyoe.com


ခပ်လှမ်းလှမ်း သော်ကပင်ကြီးအောက်တွင် အစာစားနေသည်ကို အဆင်သင့်တွေ့ရသဖြင့် လက်ခေါက်မှုတ်ကာ ခေါ်လိုက်လေရာ ရှမ်းမြင်းကလေးမှာ မြက်စားနေရာမှ လက်ခေါက်မှုတ်သံ ကြားရာဆီသို့ လှည့်၍ ဦးခေါင်းကိုထောင်ကာ နားစွင့်နေသည်ကိုမြင်ရလေလျှင် မောင်ရှုပသည် ထပ်မံ၍ နှစ်ချက်ဆင့် လက်ခေါက်မှုတ်လိုက်သည်နှင့်တစ်ပြိုင်နက် မြင်းကလေးသည် နှစ်ပတ် သုံးပတ်မျှ ချာလပတ်လှည့်ပြေးကာ မောင်ရှုပရှိရာသို့ ဒုန်းစိုင်း၍ ပြေးလာလေ၏။ အတန်ငယ်ကြာသောအခါ မောင်ရှုပသည် မြင်းပေါ်မှလက်ပြကာ တောတန်းဆီသို့ စိုင်းနှင်သွားသည်ကို ဦးသူတော်သည် ဝမ်းနည်းစွာ တွေ့မြင်လိုက်ရလေသတည်း။

❑

mgyoe.com

mgyoe.com


# [၅]
# မုတ္တမ တောတန်း၌

မုတ္တမတောတန်း၌ မြင်းကိုယ်စီဖြင့် ဒရယ်တစ်ကောင်အား တရကြမ်းလိုက်လျက်ရှိသော လူတစ်စုကို တွေ့မြင်ရပေ၏။ ဒရယ်လည်း ကွင်းပြင်တောစပ်သို့ ဝင်လုဆဲဆဲတွင် ဒရယ်နှင့် ခပ်လှမ်းလှမ်း ရှေ့ဆုံးမှ လိုက်လာသော မုတ္တမမြို့စားဗညားရန်နိုင်လည်း တောစပ်သို့ ဒရယ်ဝင်ပြေးက မုချဖမ်းဆီးရနိုင်တော့မည်မဟုတ်သည်ကို သိရှိရသည်အတိုင်း မြားဖြင့် ပစ်လွှတ်လိုက်ရာ တင်ပါးဆုံကိုမြားစူး၍ ဒရယ်ကလေးမှာ တလိမ့်ခေါက်ကွေး လိမ့်လဲ၍သွားလေ၏။ ထိုခဏချင်း၌ပင် တောစပ်မှ မြင်းကို စီးထွက်လာသော အသက်အစိတ်အရွယ်ခန့်ရှိ သန်မာထွားကျိုင်း၍ ချောမောပြေပြစ်လှသော လူငယ်တစ်ယောက်သည် ထပြေးရန်အားယူနေသော ဒရယ်ဆီသို့ မြင်းကိုအပြင်းနှင်ကာ ကုန်းနှီးတွင် ညှပ်ထားသော ဓားကို ဆွဲနုတ်လျက် ဒရယ်၏တင်ပါးဆုံတွင် စူးဝင်နေသောမြားကို အရင်းမှ ခုတ်ဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် လိမ့်လဲနေသော ဒရယ်ကလေးလည်း သွေးရူးသွေးတန်းဖြင့် တောစပ်သို့ ဝင်ပြေးကွယ်ပျောက်သွားလေ၏။

mgyoe.com

mgyoe.com


ဗညားရန်နိုင်လည်း မိမိလက်ဝယ်ရောက်ရှိပြီဟု ထင်မှတ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မြင်းကိုနှင်လာစဉ်ပင် ရုတ်တရက် လျှပ်စစ်ပြက်သကဲ့သို့ တောစပ်မှ အမည်မသိ သူငယ်တစ်ယောက်သည် မိမိ၏ သားကောင်အား လွတ်ထွက်သွားစေရန် ပြုလိုက်သည်ကို မြင်ရသော အခါ အံ့အားသင့်လျက် ကြက်သေသေကာ ငေးမောကြည့်ရှုမိလေ၏။ ထိုနောက်မှ အလွန်ဒေါသထွက်လှသော မျက်နှာထားဖြင့် ထိုသူရှိရာသို့ မြင်းကိုအပြင်းနှင်ပြီးလျှင် "မင်းဘယ်ကလဲ၊ ဘာကြောင့် ငါ့ဒရယ်ကို လွှတ်ပစ်ရသလဲ" စသည်ဖြင့် မေးမြန်းလေရာ တောစပ်မှ ရုတ်တရက် ထွက်လာ၍ ဒရယ်ကိုလွှတ်ပစ်သော သူလည်း တစ်ဖက်သောသူ၏ ဒေါသသွေး တောက်လျှံလျက်ရှိသော မျက်နှာထားကို စေ့စေ့ကြည့်ရှုကာ လက်ထဲကဓားကို ကုန်းနှီးကြားသို့ ပြန်မသွင်းသေးဘဲ "ကျုပ်ဘယ်ကလဲ ဆိုတာ နောက်တော့သိပါလိမ့်မယ်၊ ဒရယ်ကို လွှတ်ပစ်ရတာကတော့ ခိုကိုးရာမဲ့ ဒုက္ခရောက်နေတဲ့ သတ္တဝါအသက်ကို ကယ်ဆယ်လိုတာ လည်းတစ်ဝ၊ မိတ်ဆွေမှာ အကုသိုလ်မဖြစ်ပါစေနဲ့ဆိုတဲ့ မေတ္တာကလည်း တစ်တန်ကြောင့် အင်မတန်ဖြစ်ခဲတဲ့ အသက်တစ်ချောင်းကို ကယ်ဆယ် လိုက်ရခြင်းဖြစ်ပါတယ်" ဟု အေးအေးဆေးဆေး ပြန်ပြောလေ၏။ ထိုသူကား... အခြားမဟုတ်၊ မုတ္တမမြို့စား၏ နှမတော်သီရိမာလာ၏ ရူပါရုံ ညွှတ်ကွင်းသို့ တိတ်တဆိတ် သက်ဆင်းမိခဲ့သည့် မောင်ရူပဆိုသော သူငယ်ပင်ဖြစ်ပေ၏။

ဗညားရန်နိုင်။ ။ 'သယ်... တကယ့် သူတော်ကောင်းနဲ့ လာတွေ့နေရမှကိုးကွ၊ ငါဘယ်သူလဲဆိုတာ မင်းသိရင် ဒီလိုငါ့အလုပ်ထဲ ဝင်ရှုပ်ဝံ့မယ်မဟုတ်ဘူး'

မောင်ရူပ။ ။ "မိတ်ဆွေဘယ်သူလဲဆိုတာတော့ တယ်အရေး မကြီးပါဘူး၊ နို့ပေမဲ့ အခုမိတ်ဆွေလုပ်ပုံက သူတော်ကောင်းမကြိုက်တဲ့

mgyoe.com

mgyoe.com


အကုသိုလ်ဒုစရိုက်မှုဖြစ်လေတော့ သတ္တဝါရဲ့အသက်လည်း ချမ်းသာစေတော့၊ မိတ်ဆွေလည်း အပါယ်မလားစေနဲ့တော့လို့ သဘောထားကာ တကယ့်မေတ္တာနဲ့ ဝင်ရောက်စွက်ဖက်ရခြင်းပါ"

ဗညား။ ။ "သယ်... ငါ့လိုလူတောင် ပြန်လှန်ပြောတယ်လား၊ ငါဘယ်သူဆိုတာ မင်းမသိသေးဘူးပေါ့လေ...။ နို့ပေမဲ့ ငါ့အလုပ်ထဲ ဝင်ရှုပ်စွက်ဖက်တာဟာ သက်သက်ငါ့ကိုစော်ကား ရန်စတာပဲ၊ ပဲခူးပြည့်ရှင် ဘုရင်မင်းမြတ်ကြီးရဲ့ လက်ရုံးတစ်ဆူ အားကိုးတော်မူတဲ့ ဗညားရန်နိုင်ဆိုတာ မင်းနည်းနည်းမှ မကြားဖူးဘူးလား"

ရူပ။ ။ 'ဩော်... မုတ္တမမြို့စား ဗညားရန်နိုင်ဆိုတဲ့ အာဇာနည်ကြီးပေကိုး၊ နာမည်သာကြားဖူးတယ် လူတော့ခုမှတွေ့ရတာပဲ၊ ဝမ်းသာသဗျာ၊ မိတ်ဆွေဖြစ်စမ်းချင်ပါဘိ"

ဗညား။ ။ "အမယ်... ရာရာစစ၊ နင့်လိုအကောင် အဖက်လုပ်စရာလား၊ ငါလိုမြို့စားရင့်မာကြီးကို မလေးမခန့် ပြောလားဆိုလားနဲ့၊ ဟဲ့... နင်ဘာကောင်လဲ"

၂ ဤသို့ပြော၍ ဗညားရန်နိုင်သည် ရှေ့သို့တစ်လှမ်းမျှ တိုးလိုက်ရာ မောင်ရူပလည်း နောက်သို့ နှစ်လှမ်းမျှဆုတ်ခွာလိုက်လေ၏။

ရူပ။ ။ "ဒါလောက်လည်း မာနမရောက်သင့်ပါဘူးဗျာ၊ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်တဲ့ လူ, လူချင်းကပဲ...၊ မိတ်ဆွေက နင်လုံးတွေ ငါလုံးတွေနဲ့ တယ်ရိုင်းစိုင်းတာကိုး၊ နောက်က ကူမယ့်လူတွေပါလို့ ဒီလောက်သတ္တိကောင်းနေတာလားဗျ"

ဗညား။ ။ "ကိုင်းကွာ... စကားကြောရှည်မနေနဲ့၊ တစ်ယောက်ချင်း ဓားချင်းယှဉ်ဝံ့ရင် မြင်းပေါ်ကသာ ဆင်းပေတော့"

မောင်ရူပသည် မုတ္တမမြို့စား ဗညားရန်နိုင်ကို သိ၏။ စွမ်းရည်သတ္တိ မည်မျှရှိကြောင်းကိုလည်း ကြားဖူး၏။ သို့ဖြစ်လျက် မုတ္တမ

mgyoe.com

mgyoe.com


မြို့စားအား အလေးဂရုမပြုလောက်သော သူကဲ့သို့ အေးဆေးစွာ ပြောဆိုခြင်း၊ စကားအရာ လိမ္မာပါးနပ်သူ ဖြစ်သည့်အတိုင်း ဗညားရန်နိုင်၏ ဒေါသကိုဆွ၍ စီးချင်းတိုက်ခိုက်ပွဲ ဖြစ်ပေါ်ရအောင် သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုခြင်းတို့မှာ စားရေး၌ ၎င်းမှာ မည်မျှစွမ်း၍ မည်သည်ကို ရည်ရွယ်ချက်ထားသည်ဟု ယခုချက်ချင်း ရိပ်မိနိုင်ဖွယ်ရာ အကြောင်းမရှိသော်လည်း မကြာမီပင် သိရှိနိုင်ကောင်းစရာရှိပေ၏။ ဗညားရန်နိုင်ကမူကား တစ်ရပ်တစ်ကျေး၌ ဘုန်းကြီးကျောင်းတွင် တည်းခိုရရှာသော မထင်ရှားသည့် မောင်ရူပကို မသိချေ။ မောင်ရူပတည်းခိုသော ဆရာတော်ကျောင်းသို့ မောင်ရူပရှိစဉ် တစ်ခေါက်မျှ ရောက်ရှိသော်လည်း ဂရုမထားမိဖြစ်ချေသည်။

မုတ္တမမြို့စား ဗညားရန်နိုင်သည် မောင်ရူပအား စီးချင်းတိုက်ရန် ဓားချင်းယှဉ်ဝံ့က ဆင်းပေတော့ဟု ဗိုလ်တောင်းလိုက်သဖြင့် မောင်ရူပသည် ရဲသွေးကြွကာ မြင်းပေါ်မှလွှားခနဲဆင်း၍ ရပ်နေလေ၏။ နောက်ပါရဲဘော်ငယ် ကျွန်တော်တစ်စုတို့သည် မိမိတို့သခင်အကြောင်းကို သိပြီးဖြစ်သည့်အတိုင်း တစ်ဖက်ရန်သူ၏ မရှုမလှ ရှုံးနိမ့်ပျက်စီးရမည့်အရေးကို တွေးတောဝမ်းမြောက်လျက် လည်းကောင်း၊ မောင်ရူပ၏ ရုပ်ဆင်းအင်္ဂါကို မြင်ခြင်းဖြင့် အင်း... ရုပ်ကလေးက အလှသားနှင့် စကားစွာသဖြင့် မသာဖြစ်ချေတော့မည်ဟုလည်းကောင်း တွေးတောလျက် ဝိုင်းဝန်းကြည့်ရှုနေကြလေ၏။

မောင်ရူပသည်လည်း မိမိလက်ဝယ်ရှိ ဓား၏အရိုးမှ လှပသော ပန်းပွားကြိုးနှစ်ချောင်းဖြင့် ဓားရိုးနှင့်လက်ကောက်ဝတ်ကို တင်းကျပ်စွာ ချည်နှောင်ရင်း ဗညားရန်နိုင် ရပ်လျက်ရှိရာသို့ ရှေးရှုလာလေ၏။ တစ်ယောက်နှင့်တစ်ယောက် ဓားတစ်ကမ်းစာမျှ ကွာဝေးလေလျှင် ဝိုင်းဝန်းကြည့်ရှုနေကြသော မုတ္တမမြို့စား ဗညားရန်နိုင်၏ လူစုက ငြာသံပေး၍

mgyoe.com

mgyoe.com


လက်ခုပ်လက်ဝါးများ တီးခတ်ကြလေရာ မောင်ရှုပသည် မိမိဘက်မှ အားပေးသူမရှိလင့်ကစား စိတ်ဓာတ်ပျော့ညံ့ခြင်း အလျဉ်းမရှိဘဲ ရဲတင်းခိုင်မာလှသော စိတ်ထားဖြင့် မိမိကပင် စတင်၍ ဓားကို ကမ်းလှမ်းလိုက်သည်နှင့် တစ်ပြိုင်နက် စတင်ယှဉ်ပြိုင်ခုတ်ကြလေ၏။

မုတ္တမမြို့စား ဗညားရန်နိုင်မှာ သိကြပြီးဖြစ်သည့်အတိုင်း ဓားရေးလှံရေး၌ မုတ္တမနယ်ပယ်တစ်ခွင်တွင် ပြိုင်ယှဉ်ဘက်မရှိလောက်အောင်ပင် ကျွမ်းကျင်သူဖြစ်သည့်ပြင် တိုက်ပွဲ အနည်းနည်းတွင်လည်း ပထမစွဲ အောင်ပွဲဝင်ခဲ့သူဖြစ်ရကား အညတရ မထင်ရှားသော မောင်ရှုပအား ဂရုမပြု အမှုမထားလောက်သူဟူ၍ အခြောက်အလှန့်တို့ဖြင့် မခန့်တရန့် မလေးစားသော စိတ်ထားဖြင့် ကစားလျက်ရှိလေ၏။ မောင်ရှုပသည်ကား ရာမညတိုင်းတွင် ဓားရေးလှံရေး၌ နာမည်ကျော်ကြား ထင်ရှားလှသော မွန်အာဇာနည်ကြီးတစ်ဦးနှင့် ယှဉ်ပြိုင်ထိုးခုတ်ရသည်ဖြစ်၍ မိမိ၏ စွမ်းရည်သတ္တိ မည်မျှရှိသည်ကို သိသော်လည်း ထိုပွဲ၌ အလစ်မပေးဝံ့ဘဲ အထူးဂရုပြုကာ ကစားလျက်ရှိလေရာ ဗညားရန်နိုင်၏ ဓားချက်သည် မောင်ရှုပ၏ကိုယ်အနီးသို့ မချဉ်းကပ်နိုင်ဘဲ ခပ်လှမ်းလှမ်းကပင် လန်၍ ထွက်ရလေ၏။

မိမိဓားချက်မဝင်သည်ကို သိသောအခါ ကရော်ကမည် ပြုလုပ်၍ ရမည့်သူမဟုတ်ကြောင်းကို သိရှိရိပ်မိရကား ဗညားရန်နိုင်သည် အထက်ကကဲ့သို့ ပေါ့ပြက်ပြက်မလုပ်ဝံ့တော့ဘဲ ကြိုးကြိုးစားစား ဓားချက်မမှားရအောင် ဂရုပြုကာ ထိုးခုတ်ပြန်လေ၏။ သို့ကြိုးစားအားထုတ် ထိုးခုတ်သော်လည်း တစ်ဖက်ရန်သူ၏ ဓားအရှိန်မှာ တဖြည်းဖြည်း ပြင်းထန်လာသည့်ပြင် တစ်ခါတစ်ခါမှာပင်လျှင် မိမိ၏လက်ပြင်၊ ဖက်ပိုးတို့ကို ရုတ်တရက် ဝင်ရောက်လှည့်ပတ်၍ ဓားပြားဖြင့် ရိုက်နှက်သွားသည်ကို ခံရသောအခါ ဗညားရန်နိုင်သည် မိမိနှင့်ယှဉ်ပြိုင်ကစားသူကား လူညံ့စား

mgyoe.com

mgyoe.com


ထဲက မဟုတ်ကြောင်းကို ကောင်းကောင်းကြီးသိရှိ ရိပ်မိလာလေ၏။

ထိုသို့ ဓားရေးကျွမ်းကျင်သူ နှစ်ဦးတို့သည် တစ်ဦးကိုတစ်ဦး နှိမ်နင်းရန် ကြိုးစားအားထုတ်လျက် ရှိကြရာ ဓားချင်းထိခိုက်မိသည့် အသံမှတစ်ပါး အခြားအသံများကို မကြားရလောက်အောင် ရှိလေ၏။ တစ်ခါတစ်ခါ၌မူကား ဝိုင်း၍ ကြည့်ရှုနေကြသူများ၏ ဟယ်... အို... သွားပဟ... စသော အော်ဟစ်ကြသည့် အသံများကိုသာ ကြားရလေ၏။

နာရီဝက်ခန့်မျှ ကြာသောအခါ မွန်အာဇာနည် ဗညားရန်နိုင် သည် ရန်သူအား မနှိမ်နင်းနိုင်သည်သာမက မိမိ၏ကိုယ်မှာသာ မကြာခဏ ဓားပြားအရိုက်ခံရဖန် များသဖြင့် ဖိန်းတိမ်းတိမ်း အောင့်သက်သက်ရှိ သည်ကို တွေ့ကြုံခံစားရသောအခါ အနည်းငယ် စိတ်အားလျော့လျက် မိမိရဲဘော် ကျေးကျွန်များကိုပင် ရက်မိလေ၏။

ဝိုင်းဝန်းကြည့်ရှုနေကြသူများမှာ မိမိတို့ ထင်မှတ်သကဲ့သို့မဟုတ်ဘဲ မိမိတို့သခင်မှာ အရေးနိမ့်မှန်းမသိ နိမ့်လျက်ရှိသည့်အဖြစ်ကို မြင်ကြရသောအခါ မိမိတို့သခင် အားတက်စေရန် "ဗညားရန်နိုင်ကွ....၊ ဗိုလ်ရန်နိုင်ကွ... ဗညားကွ...." စသည်ဖြင့် အော်ဟစ်ကာ အားပေးကြလေ၏။ ဗညားရန်နိုင်လည်း ရဲဘော်ငယ်ကျွန်များ၏ အားပေးသံကို ကြားရသောအခါ အားတက်လျက် ခပ်ကြမ်းကြမ်း တစ်ဖက်ရန်သူအား ဝင်ရောက်ထိုးခုတ်ရာ ဗညားရန်နိုင်၏ ဓားချက်များသည် မောင်ရှုပ၏ ပခုံးဆီတွင်ဝဲလျက် တစ်ချက်တစ်ချက်တွင် ဇက်ဆီသို့ တအားပိုင်းလိုက် သည်ကို မြင်လိုက်ရပေ၏။ သို့သော်လည်း ကျင်လည် ဖျတ်လတ်စွာ ဓားချက်ကို ရှောင်တိမ်းခုခံလျက်ရှိသော မောင်ရှုပမှာကား တစ်စုံတစ်ရာ ထိခိုက်ရှနခြင်းမရှိဘဲ ဟန်မပျက်အချက်ကျကျ မောပန်းပုံမရဘဲ ခုခံ လျက်ပင် ရှိလေ၏။

တစ်နာရီနီးပါးခန့်မျှ ကြာသွားသော် ဗညားရန်နိုင်သည် အသက်

mgyoe.com

mgyoe.com



ကို ပြင်းစွာရှုလျက် အလွန်မောပန်းသော အခြေသို့ ဆိုက်ရောက်လျက်ရှိလေ၏။ တဖြည်းဖြည်းသာလျှင် ပြင်းထန်လာသော မောင်ရှုပ၏ ဓားချက်ကို မိမိမှာ ကြာရှည်စွာ ခံမှုခံနိုင်ပါမည်လားဟု ဗညားရန်နိုင်သည် တွေးတောစပြုလာလေ၏။ မျက်နှာကို ကြည့်ရှုရသည်မှာလည်း ဘီလူးသဘက်နှင့် ပြိုင်၍ ကစားနေရသကဲ့သို့ ထင်မှတ်ကာ ရွံ့သလိုလိုဖြစ်လေ၏။

အတန်ငယ်ကြာသောအခါ ဗညားရန်နိုင်သည် အာများခြောက်ကပ်လျက် လွန်စွာပင်ပန်းနွမ်းနယ်၍ လာပြီးလျှင် မောင်ရှုပ၏ ဓားပြားအရိုက်ခံရဖန်လည်း များသောကြောင့် ဓားကိုပင် မဆုပ်မကိုင်ချင်သကဲ့သို့ ဖြစ်လာလေ၏။ သို့သော် မိမိ၏ဓားချက်မှာ မမောပန်းခင်ကကဲ့သို့ မဟုတ်ဘဲ အင်အားပြည့်စွာဖြင့် ခပ်ကြမ်းကြမ်းခုတ်ရပါက ရန်သူအား ထိထိရောက်ရောက် ထိုးခုတ်သတ်ဖြတ်နိုင်လောက်အောင် ဓားချက်ဝင်နေကြောင်းကို သိသော်လည်း အင်အားမှာ များစွာမစိုက်နိုင်သည့်ပြင် တစ်ဖက်ရန်သူ၏ ခုခံသောဓားနှင့် မိမိဓား ထိခိုက်တိုင်းလိုပင် ဓားကိုင်ထားသော မိမိ၏လက်မှာ အရိုးအခြင်မှစ၍ ကျဉ်တက်သွားသည်ကို သိရပေ၏။

ကြာရှည်ဆွဲ၍ တိုက်ခိုက်ခြင်းထက် ခပ်မြန်မြန်၊ ခပ်ကြမ်းကြမ်း တိုက်ခိုက်ခြင်းသာလျှင် မိမိအတွက် အောင်ရာအောင်ကြောင်း ဖြစ်နိုင်စရာအကြောင်း ရှိလိမ့်မည်ဟု ယုံကြည်မျှော်ကိုးသည့်အတိုင်း အားကုန်သွန်၍ အပြင်းတိုက်ခိုက်ပြန်လေ၏။ မကြာခင်ပင် အလွန်ကောင်းသော ဓားချက်ရပြန်သည့်အတိုင်း တစ်ဖက်ရန်သူအား တစ်ချက်တည်းလှဲရန်ရှိသမျှအားများကို အကုန်ညှစ်ထုတ်လျက် တအားသွန်ကာ စလွယ်သိုင်းခုတ်ချလိုက်ရာ ချွင်ခနဲမြည်ကာ မီးပွင့်များကို မြင်လိုက်ရပြီးနောက် ဓားကိုင်ထားသော မိမိလက်မှာ မခံမရပ်နိုင်လောက်အောင် ကျဉ်၍တက်သွား

mgyoe.com

mgyoe.com


ရကား ကိုင်ထားသောဓားကို ရုတ်တရက်လွှတ်ချလိုက်ရပြီးလျှင် အခြား လက်တစ်ဖက်ဖြင့် ဓားကိုင်သည့် လက်မောင်းရင်းကို ကျပ်တည်းစွာ ဆုပ်ကိုင်ရင်း မောင်ရူပအား ငေးမောစ၍ကြည့်ရှုမိလေ၏။

ဗညားရန်နိုင်၏လူစုသည် 'ဟယ်' ဟူ၍ အော်ဟစ်ကာ မောင်ရူပ ရှိရာသို့ ပြေး၍ ဝိုင်းအုံလာကြလေ၏။ မောင်ရူပလည်း လျှင်မြန်ဖျတ်လတ်စွာကျနေသော ဗညားရန်နိုင်၏ဓားကို ကောက်ယူကာ ဗညားရန်နိုင် အနီးတွင်ကပ်လျက် ဣန္ဒြေမပျက်ရပ်ကာ ဗညားရန်နိုင်အား စေ့စေ့ကြည့် လျက်ရှိလေ၏။ မောင်ရူပ၏ ကြည့်ရှုပုံမှာ နှုတ်ပါးစပ်မှ ပြောခြင်းထက် အဓိပ္ပာယ်ထင်ရှား နားလည်စေနိုင်လောက်သော ကြည့်ခြင်းမျိုး ဖြစ်သည့် အတိုင်း ဗညားရန်နိုင်သည် မိမိရဲဘော် ငယ်ကျွန်တော်များအား ငေါက်ငမ်းအော်ဟစ် တားမြစ်လိုက်ရာ ဝိုင်းရံထားသော လူစုမှာ မသက်မသာ ညှိုးငယ်စွာသော မျက်နှာထားအမူအရာတို့ဖြင့် ထိုင်မြဲနေရာသို့ ပြန်သွား ကြရလေ၏။

❑

mgyoe.com

mgyoe.com


## [ ၆ ]
## သူရဲကောင်း၏ သဘော

ထိုနေ့ည ညဉ့်ဦးယံအချိန်တွင် မုတ္တမမြို့စား၏အိမ်မှ ဆိုင်းသံဗုံသံ သီဆိုတီးမှုတ်သံများကို ကြားရပေ၏။ အိမ်ဝင်းအတွင်း၌လည်း မီးစည်း မီးတိုင်များကို စိုက်ထူလျက် ပရိသတ်များ ပြည့်နှက်လျက်ရှိသည်ကို တွေ့မြင်ရပေ၏။ ပရိသတ်များ၏ အလယ်တွင်ကား သစ်ခက်သစ်ကိုင်း များ ဝိုင်းရံလျက် ထမင်းခြောက်မီးစာဖြင့် တောက်ရသော ရေနံချေးမီး တိုင်ကို ဝိုင်းကာ ကလျက်ရှိသော မင်းသမီးနှင့် လူရွှင်တော်များကိုလည်း တွေ့မြင်ရပေ၏။

ပရိသတ်မှာ အတော်ပင်များပြားသော်လည်း အကန့်အကန့် သီးသန့်သော နေရာများတွင်ထိုင်၍ ကြည့်ရှုကြရသည် ဖြစ်သောကြောင့် တစ်စုံတစ်ယောက်သောသူအား ရှာလိုသော် ထိုသူသည် မင်းမှုထမ်း ဖြစ်အံ့၊ မင်းမှုထမ်းများသာထိုင်၍ ကြည့်ရှုခွင့်ရသော နေရာတွင် လွယ် လင့်တကူ တွေ့ရှိနိုင်ပေ၏။ အကယ်၍ ထိုသူသည် ဓနကြေးငွေပြည့်စုံ သည့် အမျိုးအစားထဲကဖြစ်အံ့၊ သူဌေးသူကြွယ်များသာထိုင်၍ ကြည့်ရှုရ သောနေရာတွင် လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်ပေ၏။

mgyoe.com

mgyoe.com


မင်းမှုထမ်းတခြား၊ သူဌေးသူကြွယ် တစ်နေရာ၊ မိန်းမပရိသတ် တသီး၊ ဤသို့ သူ့နေရာနှင့်သူ အသီးသီးပွဲကြည့်လျက် ရှိကြသော ပရိသတ်အလယ်တွင် တင့်တယ်စွာ သီးသန့်ဆင်ပြင် ခင်းကျင်းထားအပ်သောနေရာ၌ စကားတပြောပြောနှင့် ပွဲကြည့်ရှုနေကြသူများအနက် ထင်ရှားသူသုံးဦးကို တွေ့မြင်ရပေ၏။ ၎င်းထင်ရှားသူသုံးဦးကား အခြားသူများရှေ့ ခပ်ကျကျနေရာတွင် စီတန်းကာ ထိုင်ကြည့်နေကြသည့် မောင်ရှုပ၊ မုတ္တမမြို့စား ဗညားရန်နိုင်နှင့် သီရိမာလာတို့ပင် ဖြစ်ပေ၏။

အသက်အရွယ် ၃၀ ခန့်ပင်ရှိသေးသော်လည်း ကာယဗလ၊ ဉာဏဗလ၏ စွမ်းရည်ကြောင့်လည်းကောင်း၊ အလုပ်၏ဂုဏ်ကြောင့်လည်းကောင်း၊ ဆွေမျိုး၏ဂုဏ်ကြောင့်လည်းကောင်း(ကြီး)ဟူသော ဝိသေသစကားကို မြို့စားဟူသော အလုပ်အကိုင် ရာထူးဌာနန္တရတွင် တွဲဖက်၍ မြို့စားကြီးဟု ခေါ်ဆိုကြရသော ဗညားရန်နိုင်သည် ဓားရေး၌ မောင်ရှုပအား ရှုံးနိမ့်ခဲ့သော်လည်း ရန်သူဟူ၍ သဘောမထားဘဲ မိမိဆန္ဒရင်းအတိုင်း ချီးမြှောက်လိုသောစိတ်သည် ပေါ်၍လာလေရကား မိမိထံတွင် အမှုထမ်းရန် တစ်နည်းနည်းနှင့် သွေးဆောင်ဖြားယောင်းအံ့ဟု နှလုံးသွင်းလျက် မိမိနေအိမ်သို့ ဖိတ်ခေါ်ခဲ့ပြီးလျှင် ထိုည၌ မောင်ရှုပအားအကြောင်းပြု၍ ပွဲလမ်းသဘင်ဖြင့် ပျော်ရွှင်ပွဲကျင်းပခြင်း ဖြစ်ပေ၏။

မုတ္တမမြို့စားသည် မည်မျှအောက်တန်းကျသော သူပင်ဖြစ်စေကာမူ လက်ရုံးရည်၌ စွမ်းစွမ်းတမံ အားကိုးအားထားလောက်သူဖြစ်ပါက မိမိထံ မနေချင်နေချင်အောင် မိမိ၏ဂုဏ်နှင့်ရာထူးတို့ကို မငဲ့ဘဲ အရောတဝင် သူငယ်ချင်းအရင်းပမာ ပြုစုလေ့ရှိသည်အတိုင်း မောင်ရှုပအားလည်း အမျိုးအမည်ကိုပင် မသိလင့်ကစား မိမိနှင့်အတူ ပွဲထိုင်၍ကြည့်စေခြင်း၊ အတူထမင်းစားခြင်း၊ အရောတဝင် ခေါ်ငင်ပြောဆိုခြင်းတို့ကို ပြုလုပ်လေ၏။

mgyoe.com

mgyoe.com


မောင်ရှုပသည် သီရိမာလာအား လွန်စွာစွဲလမ်းလျက် အတန်တန် ကြံစည်ပါသော်လည်း အားထုတ်ဂရုပြုသလောက် မျှော်လင့်ဖွယ်မရှိသည်ကို သိရကား စိတ်ပျက်လျက် ထွက်ခွာခဲ့စဉ် မုတ္တမတောစခန်းတွင် အချက်ကောင်းကြုံလာလျှင်ပင် မုတ္တမမြို့စား၏ ဓာတ်ကြောကို သိပြီးဖြစ်သော မောင်ရှုပသည် အကြံသစ်ဉာဏ်သစ် ရုတ်တရက်ပေါ်ပေါက်လာပြီးလျှင် ဓားရေးတွင် အနိုင်ရယူခြင်းဖြင့် သီရိမာလာနှင့်နီးရအောင် ကြံဆောင်လိုက်သည့်အတိုင်း ယခုအခါ အိမ်ပေါ်သို့ပင် ဧည့်သည်အဖြစ် ရောက်ရှိလာကာ မျက်နှာသာလွန်စွာရရှိနေသည်မှာ မောင်ရှုပ၌ မည်မျှဝမ်းမြောက်ဝမ်းသာ ရှိရှာပေလိမ့်မည်ကို အထူးဖော်ပြဖွယ်မလို။ ယခုညပွဲတွင်ပင် မောင်ရှုပ၏ ရွှင်လန်းသောမျက်နှာသည် သီရိမာလာဘက်သို့မကြာခဏ စောင်းငဲ့ကြည့်ရှုခြင်းကို မြင်ရခြင်းအားဖြင့် ထင်ရှားသိသာနိုင်လောက်ပေ၏။

သီရိမာလာသည် မိမိ၏လည်တွင် ဆင်မြန်းထားသော တစ်သွယ်တည်းသော မြဘယက်ကို နူးညံ့ဖြူဖွေးလှသော လက်ကလေးဖြင့် ကိုင်တွယ်ရင်း တစ်ခါတစ်ခါ ပွဲကိုလည်းကောင်း၊ တစ်ခါတစ်ခါ မိမိနှင့်တစ်ယောက်ခြားဧည့်သည် မောင်ရှုပကိုလည်းကောင်း တစောင်းတစေ့ကြွေ့ပိပိဖြင့် ကြည့်ရှုလျက်ရှိသည်ကို သတိထားနေသူများရှိလျှင်တွေ့မြင်နိုင်ပေ၏။ ရေနံချေးမီးရောင်ဟပ်သဖြင့် တပြောင်ပြောင် တလျှပ်လျှပ် ရှိနေပေသော မြဘယက်နှင့် သီရိမာလာ၏ ချစ်ဖွယ်ကောင်းသောမျက်နှာကလေးမှာ များစွာပနံရလျက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပေ၏။

ထိုသို့ ကျက်သရေမင်္ဂလာနှင့် ပြည့်ဝ၍ အလှအပေါင်း စုံလင်လှသော ချစ်စဖွယ်ရာမျက်နှာကလေးကို မောင်ရှုပသည် ချစ်သွေးနှောသောမျက်လုံးများဖြင့် တမေ့တမော့ကြီး ကြည့်ရှုနေစဉ် လက်စွဲလူရွှင်တော်၏

mgyoe.com

mgyoe.com


ပြက်လုံးမှာ နှလုံးသို့ထိခိုက်အောင် အကြိုက်တွေ့သည့်အတိုင်း လက်ခုပ်လက်ဝါးတီးကာ မုတ္တမမြို့စား၏ ရယ်မောသံကို ကြားလိုက်ရသဖြင့် စိတ်ထဲတွင် ဒိတ်ခနဲဖြစ်ကာ မောင်ရှုပမှာရောယောင်၍ ဘုမသိဘမသိ ရယ်မောလိုက်ရလေ၏။ မုတ္တမမြို့စားလည်း ရယ်မောရင်း မောင်ရှုပဘက်သို့ လှည့်၍ကြည့်ကာ "ဘယ့်နှယ်မိတ်ဆွေ၊ ပြက်လုံးမကျလားဗျ၊ ဒါကြောင့် ဒီအကောင်တွေ ကျုပ်လက်သပ်မွေးထားတာပဲ၊ အဲဒီလိုညတိုင်း ညတိုင်း မိတ်ဆွေနဲ့ အတူကြည့်နေရရင် ဘယ်လောက် ကောင်းမလဲလို့ဗျာ... " ဟု ပြောရာ...

မောင်ရှုပ။ ။ "ကောင်းသပမြို့စားမင်းရဲ့၊ နို့သော်လည်း ကျွန်တော် မြို့စားမင်းအိမ်မှာ ကြာကြာမနေနိုင်တာက ဝမ်းနည်းစရာပဲ"

မြို့စား။ ။ "အို... မိတ်ဆွေကို နေ့လယ်ကတည်းက ကျုပ်ပြောတယ်မဟုတ်လား၊ ကျုပ်ဆီမှာ အမှုမထမ်းနိုင်ရင်ဖြင့် အနည်းဆုံး တစ်လနေရမယ်လို့"

မောင်ရှုပ။ ။ 'ပြောတာတော့ ဟုတ်ပါရဲ့... နို့ပေမဲ့ ကျွန်တော်က အလွန်အားနာတတ်ပါတယ်၊ ကျွန်တော့်အတွက်နဲ့ ဧည့်ဝတ်စောင်ဝတ်ပြုရလို့ မြို့စားကြီးမှာ တာဝန်ဖြစ်နေမှာလည်း စိုးပါတယ်"

မြို့စား။ ။ "အို... ဒါတွေကို စိုးရိမ်ဖို့မရှိပါဘူး။ ကျေးကျွန်တွေထားတာ ဘာလုပ်ဖို့လဲ၊ ဒီလို ဧည့်ကောင်းစောင်ကောင်း ရောက်တဲ့အခါ ပြုစုကြဖို့မဟုတ်လား...။ ဟောဒီက ကျုပ်နှမတော်ကလေး သီရိမာလာကလည်း ဧည့်ဝတ်စောင်ဝတ်ကို မကျေပွန်မရှိရအောင် ကိုယ်ဖိရင်ဖိ ရှက်ဆောင်တတ်တဲ့ အလေ့ရှိပါတယ်"

ထိုစကားအဆုံးတွင် သီရိမာလာနှင့် မောင်ရှုပတို့သည် တစ်ယောက်ကိုတစ်ယောက် ရုတ်တရက် ကြည့်မိကြလေသည်။ ကြည့်မိကြသည်နှင့်တစ်ပြိုင်နက်လည်း ၎င်းတို့၏ နှလုံးသားအတွင်း၌ ဖျဉ်းခနဲ၊

mgyoe.com

mgyoe.com


နွေးခနဲ ဖြစ်ပေါ်လာသည့်အာရုံကို အသီးသီးခံစားကြရလေ၏။

ရူပ။ ။ "ဟုတ်ပ.. **အိမ်သာလို့ ညွှဲလာ...** ဆိုသလို မြို့စားမင်းရဲ့အိမ်မှာလည်း ညှော်တရှန်းရှန်းနဲ့နေတာဟာ အိမ်သာခြင်းလက္ခဏာပဲ၊ အိမ်သာအောင်ဟာလည်း မြို့စားမင်းရဲ့ နှမတော်လို ဖော်ဖော်ရွှေရွှေနဲ့ ညှော်ဝတ်စောင်ဝတ်ပြုစုရေး အိမ်မှုကို နားလည်တတ်မြောက်မှ ဖြစ်နိုင်တာပဲ...၊ ဒီလိုအိမ်များ တည်းခိုရတဲ့ညှော်သည်များတော့... မနေသာလို့သာ သွားချင်သွားကြရမှာ၊ ဘယ်တော့မှ ခွာချင်ကြမယ် မဟုတ်ပေဘူး မြို့စားမင်းရဲ့"

အဓိပ္ပာယ်ကျယ်ဝန်းလေးနက်သော မျက်လုံးများဖြင့် သီရိမာလာအား ကြည့်၍ မသိမသာပြုံးလျက် ပြောလေရာ သီရိမာလာမှာ မောင်ရူပ၏ မျက်လုံးအရှိန်ကို မခံနိုင်လေဘိသကဲ့သို့ မျက်လွှာကိုချကာ လည်တွင်ဆွဲထားသည့် တစ်သွယ်တည်းသော မြဘယက်ကို နူးညံ့ဖြူဖွေးသော လက်ကလေးဖြင့် တုန်ယင်စွာကိုင်တွယ် ပွတ်သပ်ကာ ရှိနေရှာလေ၏။ မြို့စားလည်း အမှတ်မဲ့နေသူမဟုတ်သည့်အတိုင်း မောင်ရူပ၏ အမူအရာကို တွေ့မြင်ရလေ၏။

မြို့စား။ ။ "ဘယ်နည်းနဲ့မဆို မိတ်ဆွေ ကျုပ်အိမ်မှာ အနည်းဆုံး တစ်လနေရမယ်၊ မိတ်ဆွေတို့လို သူရသတ္တိနဲ့ ပြည့်စုံတဲ့လူကို ကျုပ်ထံအမှုမထမ်းချင်ရင် ကျုပ်အိမ်မှာ တစ်လ လေးသီတင်း ပျော်ပျော်ပါးပါးစားသောက်ပြီး မနေဘဲ သွားရရိုးထုံးစံမရှိဘူး၊ ဒီလိုမှမပြုစုရရင် ကျုပ်အများကြီးစိတ်မကောင်းဖြစ်ရလိမ့်မယ်"

ရူပ။ ။ "ဒီလိုဆိုရင်လည်း နေရတာပ မြို့စားမင်းရဲ့....၊ မြို့စားမင်းထံမှာ အမှုမထမ်းနိုင်တဲ့အတွက်တော့... ဘယ်လိုမှစိတ်မရှိပါနဲ့၊ ကျွန်တော့်မှာ ကိုယ်ရေးနဲ့စပ်လို့ အရေးအကြီးဆုံးကိစ္စ လက်စသတ်အောင် ဆောင်ရွက်စရာကျန်နေပါသေးတယ်၊ ဒီကိစ္စပြီးသွားရင် မြို့စား

mgyoe.com

mgyoe.com


မင်းရဲ့ထံ အမှုထမ်းကောင်း ထမ်းနိုင်ပါလိမ့်မယ်"

မြို့စား။ ။ "အင်း... ဒါလိုကြားရတာ ဝမ်းသာပါတယ်၊ ကိစ္စပြီးစီးတဲ့အခါ ကျုပ်ထံပြန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒါထက်မိတ်ဆွေရဲ့ကိစ္စ ကျုပ်ကူညီနိုင်လျှင်လည်း ကူညီဖို့ပါပဲ"

ရှုပ။ ။ "ဒီလိုကူညီလိုတယ်ဆိုတာ ကြားရတာ ဝမ်းသာပါတယ်၊ နို့သော်လည်း ကျွန်တော့်ရဲ့ကိစ္စက ကူညီဖို့လိုတဲ့ကိစ္စမျိုးမဟုတ်တော့ အကူအညီကို လက်မခံနိုင်တာ ဝမ်းနည်းပါတယ်"

မြို့စား။ ။ 'သြော်... ဒါထက် မိတ်ဆွေရဲ့မျိုးရိုးဇာတိရပ်ရွာတောင် မေးမကြည့်မိရသေးဘူး...၊ အမည်လောက်သာသိရသေးတယ်"

မောင်ရှုပသည် ထိုစကားကိုကြားရသောအခါ မျက်နှာအနည်းငယ် ပျက်သွားလေ၏။ သို့သော်လည်း သတိကြီးသူဖြစ်သည်အတိုင်း ရုတ်တရက် မျက်နှာကိုပြင်ပြီး.... တစ်စုံတစ်ရာကို ကြံစည်တွေးတောသကဲ့သို့ ဆိတ်ဆိတ်နေပြီးနောက် ခဏမျှကြာလျှင်...

ရှုပ။ ။ "ဟုတ်ပ မြို့စားမင်းလည်းမမေးလို့ ကျွန်တော်လည်း မပြောမိပေဘူး၊ ယခုအခါ ကျွန်တော့်မျိုးရိုးဇာတိကို ဖွင့်ဟထုတ်ဖော်လို့ ပြောဖို့ကလည်း အတော်ကလေး ခဲယဉ်းနေပါတယ်။ ယခု ကျွန်တော် ရွက်ဆောင်ရမယ့် ကိစ္စကလည်း ကျွန်တော့်မျိုးရိုးဇာတိနဲ့ ပတ်သက်နေလို့.... "ဟု စကားမဆုံးခင် မုတ္တမမြို့စားဗညားရန်နိုင်သည်လည်း စဉ်းစားသော မျက်နှာထားအမူအရာဖြင့် မျက်ခုံးချီကာ မောင်ရှုပအား ကြည့်ရှုလိုက်သည်ကို မောင်ရှုပတွေ့မြင်လိုက်ရပေ၏။

မောင်ရှုပသည်လည်း မုတ္တမမြို့စား၏ ကြည့်ရှုပုံကို စဉ်းစားကာ မိမိပြောလိုက်သော စကားသည် တစ်စုံတစ်ရာ မသင်္ကာစရာအချက်များ အရိပ်အမြွက်အားဖြင့် ပါသွားလေသလောဟု တွေးတောရင်း စိတ်မလုံသကဲ့သို့ဖြစ်လာလေ၏။ သို့သော်လည်း ဣန္ဒြေမပျက် ဆက်လက်ပြော

mgyoe.com

mgyoe.com


ဆိုမည်ဟု ဟန်ပြင်စဉ် ပွဲလည်းသိမ်းသဖြင့် ပရိသတ်များ အသီးသီး ထပြန်ကြရာ စကားလက်စလည်း ပြတ်သွားလေသတည်း။

❑

mgyoe.com

mgyoe.com


## [၇]
## သီရိမာလာ၏ ညှို့ခါတ်

လူသွေးလူရောင်ပြောင်း၍ ကိုယ်ပေါက်ကိုယ်ရောက် ခံ့ညားတင့်တယ်ခြင်း၊ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော မျက်နှာထား အမူအရာ ရုပ်ရည်ရူပကာယရှိခြင်း၊ စကားအပြောအဆို၌ ချိုသာပျော့ပျောင်း လိမ္မာရေးခြားရှိခြင်း၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်း စသော ဂုဏ်ကျက်သရေတို့၏ တည်ရာဖြစ်သော မောင်ရူပအား ရက်ကြာမြင့်စွာ တည်းခိုနေထိုင်ခြင်းကို နှစ်သက်သူကား သီရိမာလာပင် ဖြစ်ပေ၏။ သီရိမာလာသည် မိမိတို့အိမ်သို့ မောင်ရူပ တည်းခိုနေထိုင်လာသည်မှ စ၍ မိမိဝတ္တရားတို့ကို ရှေးကထက်ပင် ကြိုးစားရွက်ဆောင်လာခဲ့သော်လည်း မိမိစိတ်တွင်း၌ တင်းတိမ်ရောင့်ရဲခြင်း မရှိသည်မှာ အကြောင်းအသို့နည်းဟု တွေးတော၍မရလောက်အောင်ပင် ရှိရာလေ၏။

မောင်ရူပမှာလည်း ဖော့ဖယောင်းကဲ့သို့ပင် ပျော့ပျောင်းနူးညံ့ ဖြူဖွေးလှသော လက်ချောင်းကလေးများ၊ ကြည်လင်ရှင်ပျ မက်စရာ မျက်နှာထားနှင့် တစ်ဖက်သားနှလုံးကို ယူကျုံး၍ ဖြစ်ညှစ်နိုင်လောက်သော မျက်နှာကလေး၊ အဆစ်အမြစ် ပြေပြစ်ကျနလှသည့် ကိုယ်ကာယ

mgyoe.com

mgyoe.com


ပိုင်ရှင်ဖြစ်သည့် သီရိမာလာ၏ ရွှင်ရွှင်ပျပျ လောကွတ်တွေ အနန္တနှင့် ဟန်ရပန်ရ ချေ့ဝတ်ကျေပွန်စွာ ပြုစုသည်ကို တစိမ့်စိမ့်နှစ်သိမ့်သော မျက်လုံးများဖြင့် အစဉ်မပြတ် ကြည့်ရှုလိုစိတ်၊ သီရိမာလာ၏ နိစ္စထာဝရ ကိုယ်ဖိရင်ဖိ အပြုအစုကို ခံလိုလှသောစိတ်တို့သည် ယိုဖိတ်လျက်ပင် ရှိလေ၏။

ယခုအခါ မောင်ရှုပသည် မြို့စားကြီးအိမ်တွင် တည်းခိုနေထိုင်လာသည်မှာ ရက်မကူးသေးဟူ၍ပင် မောင်ရှုပစိတ်၌ ထင်မှတ်နေသော်လည်း စင်စစ်အားဖြင့် ရက်ကို တွက်စစ်ကြည့်သော် ၁၀ ရက် ကပင် ကျော်လာပြီ ဖြစ်ပေ၏။ အထက်က တောင်ကြမ်း သို့မဟုတ် မုတ္တမ ဆရာတော်ကျောင်းတွင် တည်းခိုစဉ်အခါ နေ့ညမပြတ် လည်ပတ်၍ သီရိမာလာ၏ အိမ်ဝင်းအနီးသို့ ခရီးရောက်ပေါက်သည်မှာ ခြေရာချင်း ထပ်လုမတတ် ရှိခဲ့သော်လည်း ယခုအခါမှာမူကား အိမ်ထဲမှ အိမ်ပြင်သို့မထွက်၊ ထွက်ပါသော်လည်း တံခါးမ,ရှိသည့် ဝင်းပြင်သို့ပင် မရောက်ရကား ဆရာတော်ကျောင်းနားသို့ပင် တစ်ခေါက်တလေမျှ ယောင်မှား၍ မရောက်နိုင်လောက်အောင် ညို့ဓာတ်၏ ရစ်ပတ်ဆွဲငင်ခြင်းကို ခံ၍ နေရလေ၏။

ထိုသို့ဖြင့် တစ်နေ့ကုန်၍ တစ်နေ့ကူးကာ ရက်ညောင်း၍ လာခဲ့လေရာ ကြာသော်... **"အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ"** ဟူသော စကားအရ မောင်ရှုပနှင့် သီရိမာလာတို့မှာ ယဉ်ပါး၍လာကြလေ၏။ သို့ရာတွင် မုတ္တမမြို့စားတည်းဟူသော သံကွန်ချာ အကာအရံကိုကား ကျော်နင်းဝင်ရောက်၍ နဖူးတွေ့ဒူးတွေ့ နှစ်ယောက်ချင်း တွေ့ဆုံခွင့်ကိုမရဘဲ ရှိလေ၏။ သို့ဖြစ်လင့်ကစား မောင်ရှုပသည် စိတ်အားမလျှော့ဘဲ သီရိမာလာနှင့် နှစ်ကိုယ်တည်း တွေ့ဆုံနိုင်ရန် အခွင့်ကောင်းကို စောင့်ဆိုင်းလျက်ရှိလေ၏။

mgyoe.com

mgyoe.com


သို့အခွင့်ကောင်းကို စောင့်ဆိုင်းလျက် ရှိစဉ်အတွင်း မောင်ရှုပ မြို့စားမင်းအိမ်ရောက်၍ ၁၅ ရက်မြောက် တစ်နေ့သော ညနေချမ်း နေဝင်ဖျိုးဖျ နွားရိုင်းသွင်းချိန်တွင် ကညင်ပင်ငုတ်တိုကြီးကိုမှီကာ ပုစွန်ဆီ အသွေးကဲ့သို့သော နေရောင်ခြည်များ ဖြန့်ကျင်းဝင်းဝါလျက် ရှိရာ မုတ္တမတောတန်း အနောက်ဘက်ဆီသို့ တစ်စုံတစ်ရာသော အကြောင်းကို စိတ်ဝင်စားဟန်ဖြင့် မျှော်မှန်းငေးစိုက်လျက် ကြည့်ရှုနေသော မောင်ရှုပ သည် မြင်းခွာသံနှင့် လူသံများကြားရာဘက်သို့ ရုတ်တရက် လှည့်၍ ကြည့်လိုက်ရာ ဝင်းအတွင်းသို့ ဝင်လာကြသော မြင်းစီးသမား လေးငါး ခြောက်ယောက်တို့ကို တွေ့မြင်ရလေ၏။ သို့သော် မုတ္တမမြို့စား၏ အိမ်တော်သားရဲဘော် ငယ်ကျွန်များပင်ဖြစ်သည်ဟု မှတ်ထင်ကာ ပြန် လှည့်၍ သာယာကြည်နူးဖွယ် ကောင်းလှသော နေရောင်ခြည် ပက်ဖျန်း လျက်ရှိသည့် တောတန်းဆီသို့သာ ရှေးရှုလျက် ကြည့်မြဲ ကြည့်ရှုနေ လေ၏။

မြင်းစီးသမားများလည်း မြင်းပေါ်မှဆင်းသက်ကာ အထုပ်အပိုး များကို သယ်ချလျက်ရှိစဉ် မြို့စားမင်း ဗညားရန်နိုင်လည်း ခေါင်းရင်း ဘက် ပြတင်းတံခါးဝမှ ရပ်လျက် ကြည့်ရှုပြီးနောက် ဦးရီးတော် ပဲခူး ပြည့်ရှင် ဘုရင်မင်းတရားကြီးထံမှ မြင်းသည်တော်များဖြစ်ကြောင်း သိရှိ ရသည့်အတိုင်း ဝမ်းမြောက်သော မျက်နှာထား အမူအရာသည် မြို့စား မင်း၌ ထင်ရှားလာလေ၏။

ထိုနေ့ညသည်ကား လကွယ်ပြီးနောက် တစ်ရက်လောက်သာ စွန်းသေးသည်ဖြစ်၍ မိုးကောင်းကင်အလုံးမှာ နေဝင်သည်နှင့် တစ်ပြိုင် နက် မည်းမှောင်ကာ မှိတ်တုတ်မှိတ်တုတ်နှင့် ကြယ်ရောင်ကလေးများ သာလျှင် တောက်ပလျက်ရှိလေ၏။ ဖြည်းညင်းစွာ တိုက်ခတ်အပ်သော လေအဟုန်ကြောင့် တောင်ကြမ်းဆရာတော် ကျောင်းဝင်းအတွင်းရှိ စေတီ

mgyoe.com

mgyoe.com

များနှင့် တန်ဆောင်းပြာသာဒ်များတို့မှ လွင့်ပါးပေါက်ရောက်လာသော ဆည်းလည်းသံများကိုလည်း ကြည်နူးလွမ်းဆွတ်ဖွယ်ရာ ခပ်သဲ့သဲ့မျှ ကြားရပေ၏။ ကညင်ပင်ငှတ်တိုကြီးကို မှီကာ တစ်စုံတစ်ရာ စဉ်းစားတွေးတောရင်း စိတ်ဓာတ်သည် လောကကြီးအတွင်းမှ လွန်မြောက်၍ အပသို့ ရောက်နေဟန်တူသော မောင်ရှုပအား မြို့စားမင်း အိမ်အတွင်းမှ ထိုးထွက်လျက်ရှိသော မီးရောင်ဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ အိမ်တော်သားရဲဘော် ငယ်ကျွန်တော်များ၏ အိမ်များမှ ထိုးထွက်လျက်ရှိသော မီးရောင်များဖြင့်လည်းကောင်း မထင်မရှား ခပ်ရေးရေးမျှမြင်ရပေ၏။

အတန်ငယ်ကြာသောအခါ မောင်ရှုပ၏ စိတ်ဓာတ်သည် လူ့ပြည်လောကသို့ ပြန်လည်၍ ရောက်သောအလား ကညင်ပင် ငှတ်တိုကြီးတွင် မလှုပ်မယှက်မှီနေရာမှ လေးလံနှေးကန်စွာ မိမိဒေည့်သည်အဖြစ်ဖြင့် တည်းခိုနေထိုင်ရာ အိမ်ဆီသို့ လျှောက်လာခဲ့လေ၏။ အိမ်ပေါ်သို့ရောက်လျှင် မြို့စားမင်းရှေ့၌ ရှိသေစွာထိုင်လျက်ရှိသော မိမိမမြင်ဖူးသည့် သူစိမ်းများနှင့် မုတ္တမမြို့စားတို့ စကားပြောဆိုလျက် ရှိကြသည်ကို တွေ့ရသဖြင့် မိမိအိပ်ရာအခန်းသို့ ရှောင်ကွင်း၍ သွားမည်အလုပ်တွင် "အလိုမိတ်ဆွေကြီး ဘယ်ကပြန်လာသလဲ၊ ကျုပ်က စောစောစီးစီး မနေ့ကလို ဝင်အိပ်နေပြီမှတ်လို့၊ လာပါဦးလေ စကားစမြည်ကလေးများ ပြောကြရအောင်" ဟု မြို့စားမင်းက ခေါ်သဖြင့် သင့်တော်ရာနေရာက ဝင်ရောက်ထိုင်ရလေ၏။

မြို့စား။ ။ "ဟောဒီလူများက ဘုန်းတော်ကြီးဘုရားထံက တိုင်ပင်တော်မူစရာ အကြောင်းရှိတယ်၊ အခစားဝင်စေလိုကြောင်းနဲ့ အမိန့်တော်ကြီး ယူဆောင်လာတဲ့ မင်းမှုထမ်းများဖြစ်တယ်၊ ဒါကြောင့် မနက်အရုဏ်ကျင်းလျှင် ရွှေမြို့တော်ကြီးသို့ ထွက်ရလိမ့်မယ်"

mgyoe.com

mgyoe.com


ရှုပ။ ။ "ဩော် မနက်ဖြန် ရွှေမြို့တော်ကြီးသွားရမှာကိုး၊ တယ်လည်း အလျင်လိုလိုက်ပါကလား၊ ဘယ်လိုများ အရေးကြီးတဲ့အကြောင်းများပါလိမ့် မြို့စားမင်းရယ်၊ တိုင်းရေးပြည်မှုများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာလို့လား၊ စိတ်ပူစရာ'

မြို့စား။ ။ "ဒီလိုမဟုတ်ပါဘူး၊ ကိုယ်ရေးအတွက်ပဲတဲ့ဗျ။ စိတ်ပူစရာမရှိပါဘူး။ ဒါထက် မိတ်ဆွေ ရွှေမြို့တော်ကြီး မရောက်ဖူးဘူးလား၊ အလွန်စည်ကား သာယာတယ်ဗျ၊ နန်းတော်ကြီးလည်း အလွန်ကြီးကျယ်ခမ်းနားတယ်၊ နောက်ပြီး ထူးထူးဆန်းဆန်း ပင်လယ်ရပ်ခြားတိုင်းတစ်ပါးက ကုလားဖြူတွေလည်း ဘုန်းတော်ကြီးဘုရားထံ မကြာမကြာ အဖူးမြော် အခစားရောက်ကြတယ်ဗျ။ အသားကဖြင့် တကယ့်ကိုဖြူပါပေသဗျာ"

ရှုပ။ ။ "အို ဒီလိုဖြင့် ရွှေမြို့တော်ကြီး ရောက်စမ်းချင်ပါဘိ မြို့စားမင်းရယ်၊ တစ်ခေါက်မှ မရောက်ဖူးလို့ ဒီလူဖြူတွေလည်း ကြည့်ချင်မြင်ချင်စမ်းပါဘိတယ်၊ မသိလို့ မေးစမ်းပါရစေဦး၊ ဟိုတောင်ကြမ်းဆရာတော် ကျောင်းဝင်းထဲက စေတီကြီးရှေ့မှာရှိကြတဲ့ ခြင်္သေ့ရုပ်ကြီးတွေ ထုံးဖြူသုတ်ထားလို့ ဖြူနေသလိုပဲ ဒီကုလားဖြူတွေဟာ ဖြူနေသလား"*

မြို့စား။ ။ (အနည်းငယ် ပြုံးရယ်လျက်) "ဆိုပါတော့ မိတ်ဆွေ၊ ကျုပ်စိတ်ထဲဖြင့် ဒီလောက်နီးနီးဖြူတယ်လို့ ထင်တာပဲ၊ မိတ်ဆွေ ခရုသင်းစွဲလို့ တစ်ကိုယ်လုံး ဖြူပြီးနေတဲ့လူများ တွေ့ဖူးတယ် မဟုတ်လား ....၊ အဲသူတို့လို ဖြူဆွတ်နေတာပဲ၊ အရင်တစ်ခေါက် ရွှေမြို့တော်ကြီးရောက်တုန်းက ကျုပ်ကိုတောင် အဲ့ဒီကုလားဖြူတစ်ယောက်က ခါသာ

---

* အင်းဝတွင် အင်္ဂလိပ်လူမျိုး ကုန်သည်အချို့ရှိ၍ မြင်ဖူးသော်လည်း ပရိယာယ်သုံးခြင်းဖြစ်၏။

mgyoe.com

mgyoe.com


အုပ်တစ်အုပ် လက်ဆောင်ပေးလိုက်သေးတယ်....၊ နူးညံ့သဗျ"

ဤသို့ပြောဆို၍ နှမတော်သီရိမာလာအား ခေါ်ကာ အင်္ကျီချုပ်၍ ကျန်သေးသည့် ခါသာအုပ်ဝက်ကို ယူထုတ်လာရန် ပြောလိုက်လေ၏။ အတန်ကြာလျှင် သီရိမာလာသည် ဖြူဖွေးနူးညံ့လှသော ခါသာပိတ်အုပ်ကို ရွှေသားရောင်ပမာရှိသော မိမိလက်ဖြင့် ပွေ့ပိုက်ကာ မြို့စားမင်းရှေ့တွင် ရိုသေစွာချထား၍ အနီးတွင် ကျုံ့ကျုံ့ပုံ့ပုံ့ကလေး ထိုင်နေလေ၏။ မောင်ရူပသည်လည်း မြို့စားမင်းထိုးပေးသော ခါသာအုပ်ကို ကိုင်တွယ်စမ်းသပ်ကြည့်ရင်း နူးညံ့ချောမွေ့ပါပေသည်။ ဤခါသာပိတ်သားကဲ့သို့ သီရိမာလာ၏ အသားစိုင်များသည်လည်း နူးညံ့ချောမွေ့ပေလိမ့်မည်တကားဟု များများကြီး စဉ်းစားခန်းထုတ်သော မျက်နှာဖြင့် သီရိမာလာဘက်သို့ မသိမသာစောင်းငဲ့၍ ကြည့်ရှုမိလေ၏။ ထိုနောက် ခါသာအုပ်ကို မြို့စားဘက်သို့ ပြန်၍လှမ်းလိုက်ပြီး "ဖြူလည်းဖြူ ချောလည်းချော ဒါမျိုးဝတ်ရမှ ဝတ်လို့ကောင်းတော့တာပဲ။ ကြည့်စမ်းပါ၊ ကျွန်တော်တို့ဝတ်နေကြရတဲ့ ဖျင်ကြမ်းနဲ့ အရောင်အဆင်း အချောအမွေ့ ချင်း မကွာလား မြို့စားမင်းရဲ့...၊ ဒီလိုဖြူဖြူချောချောကို မကြိုက်တဲ့လူများ လောကမှာ ရှိမှရှိပမလားခင်ဗျား" ဟု ခါသာပိတ်အုပ်ကို ချီးမွမ်းပြောသလိုလိုနှင့် မိမိစိတ်တွင်ရှိသမျှကို သီရိမာလာအား စောင်းချိတ်လျက် အရိပ်အယောင်ပြကာ ပြောဆိုလိုက်လေ၏။

သီရိမာလာမှာ စကားအဓိပ္ပာယ် မည်သည်ကို ရည်ရွယ်၍ပြောကြောင်း သိသော်လည်း မြို့စားမင်းမှာမူ မောင်ရူပ မည်သည်ကို ရည်ရွယ်ပြောသည်ကို အနည်းငယ်မျှ ရိပ်မိဟန်မတူဘဲ ခါသာအုပ်အကြောင်းကိုသာ ပြောဆိုသည်ထင်မှတ်လျက် "ဒီလိုခါသာအုပ်မျိုးတော့ ရွှေမြို့တော်ကြီးမှာ ပေါပါတယ်၊ မနက်ဖြန်သာ ကျုပ်နဲ့ ရွှေမြို့တော်ကြီး လိုက်ခဲ့ပေတော့၊ ဟိုကျတော့ ရရောပ၊ ဒီပြင်လည်း ဟိုသိုးဆောင်းလူမျိုး ကုလားဖြူ

mgyoe.com